


# လောင်သောမီး

### အသက်တာ၏မွှေးရနံ့လော

### (သို့မဟုတ်) မီးနှင့်တူသောညှဉ်းပန်းခြင်းလော

**Deyan Delchev**
**Kevin J. Mullins**

# လောင်သောမီး

## အသက်တာ၏မွှေးရနံ့လော (သို့) မီးနှင့်တူသောညှဉ်းပန်းခြင်းလော

Deyan Delchev
Kevin J. Mullins

ထုတ်ဝေသူ

fatheroflove.info

မေလ ၂၀၂၀ ခုနှစ်

# မာတိကာ

ဘုရားသခင့်အထံတော်က မီး......................................................................4

နှုတ်ကပတ်တော်နှင့် သဘာဝတရားကြေးမုံ ....... **Error! Bookmark not defined.**

လူသားနှင့်မြေကြီးတို့၏ ဆက်နွယ်မှု ..........................................................7

အလားတူနိယာမကို ရေလွှမ်းမိုးခြင်းဖြစ်စဉ်က ထင်ဟပြထားသည် ....................9

ပညတ်တော်ကြေးမုံ ...........................................................................13

ကပ်တိုင်တော်၏ဖော်ပြချက် ..................................................................18

ဘုရားသခင် မျက်နှာလွှဲတော်မူခြင်း.........................................................19

တရားစီရင်ခြင်း..................................................................................25

ဘုရားသခင်နှင့်ဆိုင်သော မီးအဆင်းသဏ္ဍာန် ..............................................31

ဘုရားသခင့်မေတ္တာတော် - အသက်တာ၏မွှေးရနံ့လော (သို့) မီးကဲ့သို့သော
ညှဉ်းပန်းခြင်းလော..............................................................................40

ဘုန်းနှင့်ပြည့်စုံသော ဘုရားသခင်၏စာရိတ္တတော် ..........................................50

ဘုရားသခင့်အထံတော်က မီးလော။..........................................................57

အပြစ်ဒဏ်ပေးခြင်းအတိုင်းအတာ.............................................................65

နိဂုံးချုပ်..........................................................................................68

# ဘုရားသခင့်အထံတော်က မီး

နှစ်ပေါင်းတစ်ထောင်အဆုံးတွင် ဖြစ်ပျက်မည့် မီးဖြင့်တရားစီရင်ခြင်းအမှုကို လူသားများ အား ဘုရားသခင်တိုက်ရိုက်ကွပ်မျက်ကြောင်း ထောက်ပြပေးသည့် ခိုင်လုံသောနောက်ဆုံး သက်သေအဖြစ် လူအများ မှတ်ယူနေကြသည်။

> ထိုအနှစ်တစ်ထောင်ကုန်ပြီးမှ၊ စာတန်သည် ထောင်ထဲက လွတ်သော အခွင့်ကိုရ၍၊ အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှများသော ဂေါဂ၊ မာဂေါဂတည်းဟူသော မြေကြီးလေးမျက်နှာပေါ်မှာနေသော လူ အမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှါငင်း၊ စစ်တိုက်ဘို့ စည်းဝေးစေခြင်းငှါငင်း တက်လိမ့်မည်။ ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကိုငင်း၊ ချစ်ဘွယ်သော မြို့တော်ကိုငင်း၊ ဝိုင်းကြ၏။ ထိုအခါ **<u>ဘုရားသခင်အထံတော်၊ ကောင်းကင်မှ မီး</u>**ကျ၍ သူတို့ကို မျိုလေ၏။ သူတို့ကိုလှည့်ဖျားသော မာရ်နတ်ကိုလည်း၊ သားရဲနှင့် မိစ္ဆာပရောဖက်ရှိရာ၊ ကန့်နှင့်ရောသော မီးအိုင်ထဲသို့ ချစ်ပစ်လျှင်၊ သူတို့သည် နေ့ ညဉ့်မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတံ့။ *ဗျာဒိတ်ကျမ်း ၂၀း၇-၁၀*

ကျမ်းစာကို သာမန်ကာလျှံကာ ဖတ်ကျင့်ရှိသူတစ်ဦးအနေဖြင့် ခက်ခဲသော ဤကျမ်းပိုဒ်ကိုဖတ်ရှုရာတွင် ဘုရားသခင်ကို လူသတ်ဘုရားဟူ၍ သူ ထင်မှတ်သွားနိုင်သည်သာမက၊ ငရဲကိုလည်း ထာဝရ တည်ရှိမည့်နေရာတစ်ခုအဖြစ် အလွယ်တကူ သူ ယူဆမိနိုင်ပေသည်။ အကြောင်းမှာ အရှေ့ပိုင်း ဗျာဒိတ်ကျမ်းထဲတွင် အလားတူ ဖော်ပြချက်တစ်ခုကို ဖော်ပြထားသောကြောင့်ဖြစ်သည်။

> ထိုညှဉ်းဆဲခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏။ သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ်၍၊ သူ၏နာမတံဆိပ်လက်မှတ်ကို ခံသောသူတို့သည် နေ့ညဉ့်မပြတ် သက်သာ မရကြဟု၊ လိုက်၍ ကြီးသောအသံနှင့် ပြောဆို၏။ *ဗျာဒိတ်ကျမ်း ၁၄း၁၁*

အကြောင်းအရာတစ်ခုကို ဖော်ပြထားသည့် ကျမ်းချက်များအားလုံး အချင်းချင်း ညီညွတ်မှသာ ကျွန်ုပ်တို့၏ယူဆချက် မှန်ကန်သည်ဟု မှတ်ယူနိုင်ပေမည်။ မတရားသောသူတို့ကို မီးအိုင်ထဲတွင် တိုက်ရိုက်ကွပ်မျက်မည့်သူအဖြစ် ဘုရားသခင်ကို ပုံဖော်နေခြင်းသည် ယေရှုခရစ်တော်၏ သက်တော်စဉ်နှင့် အလွဲကြီးလွဲနေပါသည်။ ခမည်းတော်၏ စာရိတ္တကို အပြည့်

အဝဖော်ပြခြင်း၄ါ ခရစ်တော်ကြွလာခဲ့သည်ဖြစ်ရာ၊ ထိုခရစ်တော်၏ လောကသက်တော်စဉ်ကို ကြည့်ခြင်းဖြင့် ဘုရားသခင်သည် အဘယ်သို့သောသူဖြစ်သည်ကို ကျွန်ုပ်တို့ အတပ်သိနိုင်ပေသည်။

> ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ **ငါ့ကို မြင်သောသူသည် ခမည်းတော် ကို မြင်၏။** သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုသနည်း။ *ရှင်ယောဟန်ခရစ်ဝင် ၁၄း၉*

> **အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။.... ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏ နာမကို ပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည် ပိုင်တော်မူသဖြင့် အကျွန်ုပ်အား ပေးတော်မူ၏။ ကိုယ်တော်၏ နှုတ်ကပတ်တရားကို သူတို့သည် စောင့်ကြ၏။** *ရှင်ယောဟန်ခရစ်ဝင် ၁၇း၄၊ ၆*

မြေကြီးပေါ် သက်ရှိထင်ရှားခဲ့စဉ်က အဘယ်သူကိုမျှ ခရစ်တော် မသတ်ခဲ့ပါ။ ဗျာဒိတ် ၂၀ က ဖော်ပြချက်နှင့် လောက၌ ဘုရားသားတော် ထင်ရှားစေခဲ့သည့် ဖော်ပြချက်တို့သည် အချင်းချင်း ဆန့်ကျင်၍ မရနိုင်ပါ။ ဤအချက်ကို စိတ်တွင်မှတ်လျက် ဗျာဒိတ် ၂၀း၇-၁၀ က အဖြစ်အပျက်များကို ကျမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ စမ်းစစ်သွားပါမည်။

# နှုတ်ကပတ်တော်နှင့် သဘာဝတရားကြေးမုံ

(၁) ဘုရားသခင်သည် နှုတ်ကပတ်တော်အားဖြင့် လောကကမ္ဘာကြီးကို ဖန်ဆင်းတော်မူခဲ့ကြောင်း၊ (၂) ထိုနှုတ်ကပတ်တော်အားဖြင့်သာ ကမ္ဘာကြီးကို ထိန်းထားတော်မူကြောင်းနှင့် (၃) ထိုနှုတ်ကပတ်တော်သည်ကား သူ၏ တစ်ပါးတည်းသောသားတော်ပင် ဖြစ်ကြောင်း ကျမ်းစာတော်မြတ်က ဖော်ပြထားပါသည်။

> **ထာဝရဘုရား၏ နှုတ်ကပတ်တော်**အားဖြင့် မိုဃ်းကောင်းကင်ကိုင်၎င်း၊ နှုတ်တော်အသက်အားဖြင့် မိုဃ်းကောင်းကင်တန်ဆာများကို၎င်း ဖန်ဆင်းတော်မူ၏။ *ဆာလံကျမ်း ၃၃း၆၊ ၉*

အစဦး၌ **နှုတ်ကပတ်**တော်ရှိ၏။ **နှုတ်ကပတ်တော်**သည် ဘုရားသခင်နှင့် အတူရှိ၏။ **နှုတ်ကပတ်တော်**သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ ထို **နှုတ်ကပတ်တော်**သည် အစဦး၌ ဘုရားသခင်နှင့် အတူရှိ၏။ **နှုတ်ကပတ်တော်**သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစုံတခုမျှ မရှိ။ .... **နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊** ကျေးဇူးတော်နှင့်ဌင်း၊ သစ္စာတော်နှင့်ဌင်း ပြည့်စုံလျက် **ငါတို့တွင် တည်နေတော်မူ သည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသောသားတော်၏ ဘုန်း**ကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ *ရှင်ယောဟန်ခရစ်ဝင် ၁း၁-၃၊ ၁၄*

ထိုသားတော်(**ခရစ်တော်**)သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန် တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦး ဖြစ်တော်မူ၏။ အကြောင်းမူကား၊ **ထိုသားတော်သည်** ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ **ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။** ထိုသခင်အားဖြင့်ဌင်း၊ ထို သခင်အဘို့အလိုငှါဌင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက် ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်တော်မူ၍ **ခပ်သိမ်းသောအရာတို့သည် (သူ၏)တန်ခိုးတော်အားဖြင့်သာ တည်ကြ၏။**

*ကောလောသဲဩဝါဒစာ ၁း၁၅-၁၇*

ခပ်သိမ်းသောအရာတို့သည် ဘုရားသားတော်၏တန်ခိုးအားဖြင့်သာ "တည်ကြသည်" ဖြစ်ရာ၊ ထိုတန်ခိုးတော်မပါမရှိလျှင် အရာခပ်သိမ်း ဖရိုဖရဲဖြစ်ကုန်ကြလိမ့်မည်ဖြစ်သည်။ လောကရှိ ခပ်သိမ်းသောအရာတို့သည် ငါတို့ သခင်ယေရှုခရစ်တည်းဟူသော ဘုရားသခင့်နှုတ်ကပတ်တော်၏ တန်ခိုးတော်အားဖြင့် ထိန်းထားလျက်ရှိပါသည်။ သို့ရာတွင် တန်ခိုးတော်အားဖြင့် ထိန်းထားသောအရာကို မငြိမ်မသက်ဖြစ်စေနိုင်သည့်အရာ တစ်ခုရှိသည်။ ထိုအရာကား အပြစ်တရားပေတည်း။

ဘုရားသခင်ကလည်း၊ သင်(ကာဣန)သည် အဘယ်သို့ပြုပြီးသနည်း။ သင့်ညီအသွေး၏ အသံသည် မြေထဲက ငါ့ကို အော်ဟစ်လျက်ရှိသည်တကား။ သို့ဖြစ်၍ သင့်ညီ၏ အသွေးကို ခံယူခြင်းငှါ၊ မိမိပါးစပ်ကို ဖွင့်သောမြေကြီး၏

ကျိန်ခြင်းကို သင်သည် ခံရသောကြောင့်၊ ယခုမှစ၍ **မြေ၌**လုပ်သောအခါ **ပကတိအတိုင်း အသီးအနှံကို မရရ**။ မြေကြီးပေါ်မှ ပြေးရသောသူ၊ အရပ်ရပ် လည်ရသောသူ ဖြစ်ရလိမ့်မည် ဟု မိန့်တော်မူ၏။ *ကမ္ဘာဦးကျမ်း ၄း၁၀-၁၂*

ပြည်တော်သည် ငြိုငြင်ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ် ခြင်းရှိ၏။ ဘုန်းကြီးသော ပြည်သားတို့သည် အားလျော့ကြ၏။ ပြည်သား တို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊ ထာဝရသစ္စာတော် ကို ဖျက်ခြင်းအကြောင်းကြောင့်၊ **ပြည်တော်(မြေကြီး)သည် ညစ်ညူးခြင်းရှိ၏။** ထို့ကြောင့်၊ **ကျိန်တော်မူသောအကျိန်သည် ပြည်တော်(မြေကြီး)ကို လွှမ်းမိုးပြီ။** ထို့ကြောင့် ပြည်သူတို့သည် ပူလောင်ကြသဖြင့်၊ ကြွင်းကျန်သောသူတို့သည် နည်း ကြ၏။ ဟေရှာယအနာဂတ္တိကျမ်း ၂၄း၄-၆

# လူသားနှင့် မြေကြီးတို့၏ ဆက်နွယ်မှု

ညီအာဗေလအား ကာဣနကွပ်မျက်လိုက်သောအခါ သက်မဲ့သဘာဝတရားအပေါ်၌လည်း ကျိန်ခြင်းအမင်္ဂလာ သက်ရောက်ခဲ့လေသည်။ ဤသို့ဖြစ်ရခြင်းအကြောင်းကား မြေကြီး နှင့် မြေကြီးပေါ်ရှိ ဝေနေယျသတ္တဝါတို့အား အုပ်စိုးခွင့်ရှိသူ အာဒံအနေဖြင့် သဘာဝတရားနှင့် ဆက်စပ်ပြီးမှ ဖန်ဆင်းခံထားရသောကြောင့်ဖြစ်သည်။

တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန် ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုငှင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုငှင်း၊ သားယဉ်တို့ကိုငှင်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရိ စ္ဆာန်အပေါင်းတို့ကိုငှင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။...အချင်းတို့ များပြားစွာ မွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုငှင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ် သော တိရိစ္ဆာန်အပေါင်းတို့ကိုငှင်း **အုပ်စိုးကြလော့**ဟု မိန့်တော်မူ၍၊ သူတို့ကို ကောင်းကြီးပေးတော်မူ၏။ ကမ္ဘာဦးကျမ်း ၁း၂၆၊၂၈

အပြစ်ထဲသို့ အာဒံ ကျရောက်သွားသောအခါ မြေကြီးနှင့် မြေကြီးပေါ်၌ရှိသမျှသောအရာ များက သူ၏ လွန်ကျူးခြင်းအပြစ်ကို ထင်ရှားပြပေးခဲ့ပါသည်။ တိရိစ္ဆာန်များက အန္တရာယ်ပြု လာတတ်ပြီး အဆိပ်ရှိသီးနှံပင်များ ပေါက်ရောက်လာခဲ့ပါသည်။

ယောက်ျားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည် မယား၏စကားကို နားထောင်၍ စားမိသောကြောင့်၊ **မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။** မြေ၏အသီးကို တသက်ပတ်လုံး ပင်ပန်းစွာ **စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင့်အဖို့ မြေပေါက်စေမည်။** လယ်၌ ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင် စားရမည်။ ကမ္ဘာဦးကျမ်း ၃း ၁၇၊ ၁၈

မြေကြီးနှင့် မြေကြီးပေါ်၌ ရှိသမျှတို့ကို လူသားတို့ ကြည့်ရှုစရာကြေးမုံတစ်ခုပ် အနေဖြင့် ဘုရားသခင် ထားရှိတော်မူသည်။ သဘာဝဖြစ်ရပ်များကို ကြည့်ခြင်းဖြင့် မိမိနှင့် ဘုရားသခင်စပ်ကြားရှိ ဆက်ဆံရေးမပြေလည်မှုအခြေအနေကို လူသားများသတိပြုလာနိုင်ဖို့ အတွက်ဖြစ်သည်။ သဘာဝတရား၌ တွေ့မြင်ရသည့် ယိုယွင်းမှုများတို့သည် လူသားတို့၏ စိတ်ဝိညာဉ်ယိုယွင်းမှုအခြေအနေကို ထင်ရှားပြပေးသည်။ သို့ဖြစ်၍ ယိုယွင်းနေသည့် သဘာဝတရားကို ထောက်ရှုခြင်းဖြင့် မိမိ၏ပြဿနာကို လူသားများ သတိပြုမိကြဖို့ရန်နှင့် နောင်တလမ်းထဲသို့ ပြန်လာကြဖို့ရန် ကိုယ်တော် ရည်ရွယ်တော်မူသည်။ လူသည် ဘုရားသခင်နှင့် သင့်တင့်လျှင် ထိုသို့သင့်တင့်ကြောင်းကို ယောင်ပြန်ဟသည့်အနေဖြင့် မြေကြီးသည်လည်း ရလဒ်ကောင်းများကို ပေါ်ထွက်စေလိမ့်မည်ဖြစ်သည်။ ထိုအကြောင်းကြောင့်၊ ဣသရေလပြည်ပတ်လည်ရှိ တိုင်းနိုင်ငံများက ရုပ်တုကိုးကွယ်ခြင်းတွင် ညှိတွယ်နေကြစဉ် မိမိတို့နေထိုင်ရာ မြေကြီးမှ အောက်ပါ ယောင်ပြန်ဟမှုများကို သူတို့တွေ့ကြုံခဲ့ရကြလေသည်။

**သူတို့ ပြည်(မြေ)သည်လည်း ညစ်ညူး၏။** ညစ်ညူးသော အပြစ်ကြောင့် ငါ ဆုံးမ၍၊ **ထိုပြည်(မြေ)သည် မိမိ သားတို့ကို <u>အော့အန်</u>လိမ့်မည်။ … ထိုပြည်(မြေ)သည် သင်တို့ရှေ့၌ရှိသော လူအမျိုးမျိုးတို့ကို <u>အော့အန်</u>သကဲ့သို့ တဖန် ညစ်ညူးခြင်းကိုခံ၍၊ သင်တို့ကို မ<u>အော့အန်</u>စေခြင်းငှါ၊** ....ဝတ်ပြုရာ ၁၈း၂၅၊၂၆

မိမိ၌ ဘုရားသခင်၏ရန်သူများ ကြဲစိုက်သောအရာကိုလည်း မြေကြီးက ဖေါ်ပြပေးသည်။

ကျွန်တို့သည် အိမ်ရှင်ထံသို့သွား၍ သခင်၊ **ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည် မဟုတ်လော။ တောပင်တို့သည် အဘယ်ကဖြစ်သနည်း**ဟု လျှောက်ကြလျှင်၊ အိမ်ရှင်က **ဤအမှုကား ရန်သူပြုသောအမှုတည်းဟု ဆို၏။** ရှင်မဿဲခရစ်ဝင် ၁၃း၂၇၊ ၂၈

ထာဝရဘုရား၏ လယ်၌ရှိသော ရန်သူကား ကျွန်ုပ်တို့မိဦးဖဦးတို့ အပြစ်ထဲကျရှုံးခဲ့သည်

နောက် မိမိကိုယ်ကို ဤလောက၏ အရှင်သခင်ဖြစ်သည်ဟု ကြွားဝါပြောဆိုခဲ့သည့် စာတန်ပေတည်း။

> ဘုရားသခင်၏ သားတို့သည် ထာဝရဘုရားထံတော်၌ ခစားခြင်းငှါလာရသော နေ့ရက်အချိန်ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့်ရောနှော၍လာ၏။ ထာဝရဘုရားကလည်း၊ သင်သည်အဘယ်အရပ်က လာသနည်းဟု စာတန်ကို မေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏။ ယောဘဝတ္ထု ၁း၆၊ ၇

> တဖန်မာရ်နတ်သည် ယေရှုကိုမြင့်လှသော တောင်ပေါ်သို့ဆောင်သွား၍၊ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကို တခဏခြင်းတွင် ပြညွှန်၍၊ **ဤဘုန်းတန်ခိုးအာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည် ပေးလိုသောသူအား ပေးရသည်ဖြစ်၍ ကိုယ်တော်အား ပေးပါမည်။** ငါ့ကိုကိုးကွယ်လျှင် ဤအလုံးစုံတို့သည် ကိုယ်တော်၏ ဥစ္စာဖြစ်လိမ့်မည်ဟု လျှောက်လေ၏။ လုကာ ၄း၅-၇

> ယခုမှစ၍ ငါ(ယေရှု)သည်သင်တို့နှင့်များစွာမပြောရ။ အကြောင်းမူကား၊ **ဤလောကကို အစိုးရသောမင်း(စာတန်)**သည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၃၀

ထို့ကြောင့် အပြစ်ထဲသို့ ကျရှုံးသွားခဲ့သည့် အချိန်မှစ၍ မိမိသခင်အသစ်ဖြစ်သော စာတန်၏ ဩဇာလွှမ်းမိုးမှုကို ခံယူခြင်းဖြင့် ဘုရားသခင်အား ဆန့်ကျင်ဘက်ပြုခဲ့သည့် အာဒံ၏ ပုန်ကန်တတ်သည့်အကျင့်စာရိတ္တကို မြေကြီးက ရောင်ပြန်ဟစေခဲ့လေသည်။

## အလားတူနိယာမကို ရေလွှမ်းမိုးခြင်းဖြစ်စဥ်က ထင်ဟပြထားသည်၊

ခရစ်တော်အားဖြင့် ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သာ မရှိခဲ့ပါလျှင် မိမိလက်အောက်ခံ ရှိသမျှတို့ကို စာတန်ဖျက်ဆီးပြီးသား ဖြစ်နေခဲ့လိမ့်မည်ဖြစ်သည်။ လူသားများအနေဖြင့် စာတန်၏ဒသနဖြစ်သည့် အပြစ်တရား၏ ကိုယ်စားလှယ်များ ဖြစ်လာကြသည့်အခါမှသာ သူတို့အပေါ် စာတန်အခွင့်ကောင်းယူနိုင်ပေသည်။ ထို့ကြောင့် ရေမလွှမ်းမိုးမီအချိန်က မိမိစာရိတ္တကို လူသားများ ရောင်ပြန်ဟစေခဲ့သည့် အချင်းအရာအပေါ် စာတန် ကျေနပ်အားရနေခဲ့လေသည်။ ကမ္ဘာအနှံ့အပြားရှိ ခရစ်တော်အားဖြင့်ထိန်းချုပ်ထားတော်မူသော မိမိ၏ တန်ခိုးတော်ကို ဘုရားသခင် ပြန်လည်ရုတ်သိမ်းခဲ့ရသည်တိုင်

အောင် မိမိတို့၏အပြစ်၌ လူသားများ လွန်စွာ တွယ်ငြိနေခဲ့ကြလေသည်။

> ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင် အစဉ်မဆုံးမရ။ အကြောင်းမူကား လူတို့သည် အသားဖြစ်၏။ သူ၏အသက်တန်းသည်လည်း၊ အနှစ်တရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၆း၃

နောမေ့ဆင့် ဘုရားသခင်၏ဂရုဏာနှင့်ပြည့်ဝသော ဖိတ်ခေါ်သံကို လူများငြင်းပယ်ခဲ့ကြပြီး မိမိတို့အား ဖျောင်းဖျပေးနေသည့် သခင်ခရစ်တော်၏ဝိညာဉ်တော်ကို သူတို့ လက်မခံခဲ့ကြပါ။ ထိုခြေလှမ်းအတိုင်း ဆက်လျှောက်သွားကြမည်ဆိုလျှင် နှစ်ပေါင်း ၁၂၀ အဆုံးတွင် ခရစ်တော်ကို မိမိတို့အတွင်းစိတ်တွင် သူတို့ အပြည့်အဝ ကွပ်မျက်ကြမည်ဖြစ်ပြီး ခရစ်တော်အားဖြင့် ထိန်းချုပ်ထားတော်မူသော ဘုရားသခင်၏ တန်ခိုးတော်သည်လည်း သူတို့မှ ရုတ်သိမ်းသွားမည်ဖြစ်ကာ သူတို့၏ ယိုယွင်းခြင်းရုပ်ပုံလွှာကို မြေကြီးက အထင်ရှားဆုံး ပေါ်လွင်စေလိမ့်မည်ဖြစ်ကြောင်း ဘုရားသခင် ကြိုတင် ဟောထားတော်မူခဲ့ပါသည်။

> ရှေးကာလ၌ မိုဃ်းကောင်းကင်ကိုင်၎င်း၊ **ရေထဲကထွက်၍** ရေဖြင့် တည်သော မြေကြီးကို၎င်း၊ **<u>ဘုရားသခင်၏နှုတ်ကပတ်တော်</u>**<u>သည်</u> ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဘူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့် လွှမ်းမြှုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ။ ယခုရှိသော မိုဃ်းကောင်းကင်နှင့်မြေကြီးမူကား၊ **တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသော နေ့ရက်တိုင်အောင်၊ <u>ထိုနှုတ်ကပတ်တော်အားဖြင့်</u> သိုထားလျက်ရှိ၍၊ မီးရှို့ခြင်းအဘို့အလိုငှါ နေရစ်သတည်း။** ၂ ပေ ၃း၅-၇

လောကဓာတ်တို့အား နှိုးထစေသောအရာမှာ ခရစ်တော်၏ တန်ခိုးတော်ပင် ဖြစ်ကြောင်းကို ရေလွှမ်းမိုးခြင်းမတိုင်မီက လူများ သတိမပြုမိခဲ့ကြပါချေ။ သဘာဝဖြစ်စဉ်များကို သဘာဝတရားတွင် အလိုအလျောက်တည်ရှိနေသည့် တစုံတရာသောစွမ်းအင်က ထိန်းချုပ်နေသည်ဟု သူတို့ ထင်မှတ်ထားခဲ့ကြသည်ဖြစ်ရာ နောဧ၏ သတိပေးစကားများကို နားယားစရာသတင်းတစ်ခုအဖြစ်သာ သူတို့မှတ်ယူခဲ့ကြလေသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ခပ်သိမ်း သောအရာတို့ကို အသက်ရှင်သောနှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်က ထိန်းသိမ်းထားကြောင်း ကျမ်းစာက ဖေါ်ပြထားသည်။ *ရေလွှမ်းမိုးခြင်းအကြောင်းကို ဖြစ်စေခဲ့သည့် ဖြစ်စဉ်ကသာ နှစ်တစ်ထောင်အဆုံးတွင် မီးဖြင့်လွှမ်းမိုးဆေးကြောခြင်းအမှုကို ဖြစ်စေလိမ့်ဦးမည်ဖြစ်ကြောင်း* ဤနေရာတွင် ပေတရုပြသထားသည်။ ခရစ်တော်၏ သတိပေးဖျောင်းဖျမှုကို လုံးလုံးငြင်းပယ်ခြင်းဖြင့် လူသားများ စိတ်နှလုံးခိုင်မာနေခဲ့ကြပြီး

ဘုရားသခင့်ဝိညာဉ်တော်အပေါ် သူတို့မထီမဲ့မြင်ပြုခဲ့ကြပါသည်။ မိမိတို့ပြုသောဒုစရိုက်အပြစ်များအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ကို မိမိတို့ထံမှ သူတို့နှင်ထုတ်ခဲ့ကြသည်ဖြစ်ရာ သူတို့အပေါ်သို့ ရေလွှမ်းမိုးခြင်းဘေး စိုက်ရောက်လာခဲ့လေတော့သည်။

> ကာလအချိန်မစေ့မှီ ဖျက်ဆီးခြင်း၊ ရေလွှမ်းမိုး၍၊ အခြေအမြစ်ပယ်ရှင်းခြင်းကိုခံရသောသူတည်းဟူသော ဘုရားသခင်အား **ငါတို့ထံမှ ထွက်သွားလော့** ဟူ၍၎င်း၊ အနန္တတန်ခိုးရှင်သည် ငါ့တို့အဘို့အဘယ်သို့ ပြုနိုင်သနည်းဟူ၍၎င်း၊ ဆိုတတ်သော အဓမ္မ လူတို့လိုက်ဘူး သောလမ်းဟောင်းကို သင်သည်လိုက်ဦးမည်လော။ ယောဘဝတ္ထု ၂၂း၁၅-၁၇

ကမ္ဘာဦးကျမ်း ၆ ကို ဂရုတစိုက် ဖတ်ကြည့်လျှင် ပိုရှင်းပါသည်။

> ထိုအခါ ဘုရားသခင်သည်၊ နောအား မိန့်တော်မူသည်ကား၊ သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည်အဓမ္မမှုနှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါ**ဖျက်ဆီး** မည်။ ဂေါဖရသစ်သားဖြင့် သင်္ဘောကို ကိုယ်ဘို့ တည်လုပ်လော့။ အထဲ၌လည်း အခန်းများကို လုပ်လော့။ အတွင်း၊ ပြင်၊ ပတ်လည်ကို ထင်းရူးစေးနှင့်သုတ်လော့။ ကမ္ဘာဦးကျမ်း ၆း၁၃၊ ၁၄

"ဖျက်ဆီးသည်"ဟူသော စကားလုံးကို Strong's Concordance ထဲတွင် ပြန်ရှာကြည့်လျှင် ယင်းစကားလုံးကို အောက်ပါအဓိပ္ပါယ်တို့ဖြင့် ကျွန်ုပ်တို့တွေ့ရှိရပါမည်။

> H 7843 : ဆွေးမြေ့သည်၊ ယိုယွင်းသည်၊ ချိုးဖျက်သည်၊ ဖြုတ်လိုက်သည်၊ ပုပ်စပ်သည်၊ ဖျက်ဆီးသည်၊ ဆုံးရှုံးသည်၊ ရုပ်ပျက်စေသည်၊ ပျက်စီးသည်၊ ယိုဖိတ်သည်၊ ပုပ်သိုးသည်၊ ဖြုန်းတီးသည်။

အလားတူ စကားလုံးမျိုးကို အငယ် ၁၁ နှင့် ၁၂ တွင် အသုံးပြုထားပါသည်။

> ထိုအခါ မြေကြီးသည်၊ ဘုရားသခင့်ရှေ့မှာ **ပုပ်စပ်**[H7843] လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ **ပုပ်စပ်**[H7843] လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား၊ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်ကြပြီ။ *ကမ္ဘာဦးကျမ်း ၆:၁၁-၁၂*

ကမ္ဘာဦးကျမ်း ၆း၁၃ တွင် ဘာသာပြန်များသုံးနှုန်းထားသည့် ပျက်စီး(ဖျက်ဆီး)သည် ဟူသောစကားလုံးသည်လည်း H7843 ကို ဘာသာပြန်ထားသည့်စကားလုံးဖြစ်သည်။ သို့ဖြစ်၍ ထိုဘာသာပြန်ဆိုမှုကို အငယ် ၁၁ နှင့် ၁၂ တွင် ထည့်သွင်းအသုံးလျှင် အောက်ပါအတိုင်း တွေ့ရှိရပေလိမ့်မည်ဖြစ်သည်။

> ထိုအခါ မြေကြီးသည်၊ ဘုရားသခင့်ရှေ့မှာ **ပျက်စီး**[H7843] လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ **ပျက်စီး**[H7843] လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား၊ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်ကြပြီ။
>
> *ကမ္ဘာဦးကျမ်း ၆:၁၁-၁၂*

မြေကြီးသည် လူသားတို့၏ အကျင့်စရိုက်ယိုယွင်းမှုများနှင့် အကြမ်းဖက်မှုများတို့နှင့် စွန်းထင်းညစ်ညူးနေခဲ့သည်ဖြစ်ရာ၊ ထိုလူသားတို့၏ပုန်ကန်မှုကို မြေကြီးက အပြင်းအထန်ဆုံးအဆင့်အနေဖြင့် ဖော်ထုတ်ပြသမည်ကို ဘုရားသခင် တွေ့မြင်တော်မူခဲ့လေသည်။ **မြေကြီးကပင် ဒုစရိုက်နှင့်ပြည့်နှက်နေကြသည့် "မိမိသားတို့ကို အော့အန်"၍ သူတို့အား ဖျက်ဆီးပစ်ခဲ့ခြင်းဖြစ်သည်။ (ဝတ်ပြုရာ ၁၈း၂၅-၂၈ ကို ပြန်ဖတ်ပါ)**

ထိုကြောင့် လောကဦသက်တော်ထင်ရှားခဲ့စဉ်အခါက လူထုပရိတ်များအား အောက်ပါအတိုင်း ယေရှု မိန့်ခဲ့ဖူးလေသည်။

> ငါ့စကားကိုကြားသောသူသည် မယုံကြည်ဘဲနေလျှင် **ထိုသူကို ငါသည်အပြစ်မစီရင်။** လောကီသားတို့ကို အပြစ်စီရင်အံ့သောငှာ ငါလာသည်မဟုတ်၊ လောကီသားတို့ကို ကယ်တင်အံ့သောငှာ ငါလာ၏။ ငါ့ကိုပယ်၍ ငါ့စကားကို နားမခံသောသူအား အပြစ်စီရင်သောသူရှိသေး၏။ **ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်။**
>
> *ရှင်ယောဟန်ခရစ်ဝင် ၁၂:၄၇၊ ၄၈*

ဤနေရာတွင် ယေရှုက မိမိကိုယ်ကို အပြစ်စီရင်ခြင်းအမှုမှ ခွဲထုတ်ပြထားတော်မူခဲ့လေသည်။ အပြစ်စီရင်ခြင်းကို ပြုသောအရာမှာ "ခပ်သိမ်းသောအရာတို့ကို မစတော်သော" မိမိ၏စကားပင်ဖြစ်ကြောင်းနှင့် ထိုစကားသည် လူသားတို့၏ မတရားမှုကို ထင်ဟပြပေးပြီး နောင်တရခြင်းငှါ သူတို့ငြင်းပယ်ကြသည့်အခါ သူတို့အား ပြစ်ဒဏ်ပေးတတ်သည့် အမှီအခိုကင်းပြီး မျက်နှာမလိုက်တတ်သော ဆုံးဖြတ်စီရင်ပိုင်သောသူပင် ဖြစ်ကြောင်းကို ယေရှု

ခွဲခြားပြပေးခဲ့လေသည်။ ဤအကြောင်းကြောင့် ယေရှု၏ ဒုတိအကြိမ် ပြန်လည်ကြွဆင်းလာခြင်းအမှုတွင် အောက်ပါအတိုင်းတွေ့ရှိရခြင်းဖြစ်သည်။

> ထိုအခါ ကောင်းကင်ဘုံ ဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင်၊ မြင်းဖြူရှိ၏။ မြင်းစီးသော သူသည် သစ္စာဟူသောအမည်၊ သမ္မာဟူသောအမည်ရှိ သတည်း။ **ထိုသူသည် တရားသဖြင့် စီရင်တတ်၏။ တရားသဖြင့် စစ်တိုက်တတ်၏။-** မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌ သရဖူများကို ဆောင်း၏။ ကိုယ်တိုင်မှတစ်ပါး၊ အဘယ်သူမျှမသိသော နာမတော်သည် ရေးထားလျက် ရှိ၏။- အသွေး၌ နှစ်ပြီးသောအဝတ်ကို ဝတ်၏။ **<u>ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။</u>**- ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကိုစီးလျက်၊ စင်ကြယ်သော ပိတ်ချောဖြူကို ဝတ်လျက်၊ နောက်တော်သို့ လိုက်ကြ၏။- **လူမျိုးတို့ကို ဒဏ်ခတ်စရာဖို့၊ ထက်သော သန်လျက်သည် <u>ခံတွင်းတော်ထဲက</u> ထွက်၏။** သူတို့ကို သံလှံတံနှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့် ပြည့်စုံတော် မူသော ဘုရားသခင်၏ ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။ *ဗျာဒိတ်ကျမ်း ၁၉:၁၁-၁၅*

## ပညတ်တော်ကြေးမုံ

ခမည်းတော်၏ စာရိတ္တတော်ကို ဖော်ပြရသည့် ကိုယ်စားလှယ်တော်အဖြစ် ယေရှု ဆင်းကြွလာသည်။ ဘုရားသခင်၏ အသက်ရှင်သောနှုတ်ကပတ်တော်အဖြစ်၊ မေတ္တာတရား၌ အခြေပြုသည့် ဘုရားသခင့်ပညတ်တော်၏နည်းဥပဒေသများကို သူ ရုပ်လုံးဖော်ပြပေးသည်။ သို့ရာတွင် နောင်တရသော အပြစ်သားရှိသမျှတို့ကို ကယ်တင်ပေးသည့် ဤမေတ္တာကပင် မတရားသောသူတို့အဖို့ "သေစေနိုင်သော အမွေးအကြိုင်" တစ်ခု ဖြစ်လာပါသည်။

> ငါတို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှာလည်းကောင်း၊ **ထိုသခင်ကို သိခြင်း၏ အမွေးအကြိုင်**သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌ နံ့ပြားစေခြင်းငှာလည်းကောင်း၊ ပြုတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းရှိစေသတည်း။- အဘယ်သို့နည်း ဟူမူကား၊ **ငါတို့သည် ကယ်တင်သော သူတို့၌လည်းကောင်း၊ ဆုံးရှုံးသော သူတို့၌လည်းကောင်း၊ ဘုရားသခင်အား ခရစ်တော်၏ အမွေးအကြိုင်ဖြစ်ကြ၏။- <u>ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်အောင် သေခြင်း၏အမွေးအကြိုင် ဖြစ်ကြ၏။</u>** ကယ်တင်သောသူတို့၌

ကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွေးအကြိုင် ဖြစ်ကြ၏။ သို့ဖြစ်၍ ဤအမှုအရာတို့နှင့် အဘယ်သူ ထိုက်တန်သနည်း။

ကောရိန္သုဩဝါဒစာဒုတိယစောင် ၂:၁၄-၁၆

ဖြောင့်မတ်သောသူတို့အား အသက်ကို ပေးစွမ်းသည့် ဘုရားသခင်၏ မေတ္တာတော်သည် မတရားသောသူတို့အဖို့ သေစေတတ်သောအရာတစ်ခု ဖြစ်နေလေသည်။ မေတ္တာသည် ပြောင်းလဲခြင်းမရှိပါချေ။ ၎င်းသည် လူနှစ်မျိုးနှစ်စားအဖို့ တစ်မျိုးတည်းသော အမွေးအကြိုင်အဖြစ် တည်ရှိနေပါသည်။ သို့ရာတွင် ၎င်းအား ခံယူသူအပေါ်မူပြီးမှ ခြားနားသော အကြိုးသက်ရောက်မှုများ ဖြစ်ပေါ်သည်စေသည်။ ဤဖြစ်စဉ်ကို၊ ဘုရားသခင်အား မတရားသောသူများ တွေ့မြင်ရခြင်းအမှုတွင် ရှင်းလင်းပြထားပါသည်။ အတ္တကင်းသောမေတ္တာရှင် ဘုရားသခင်၏ မျက်မှောက်တော်တွင်၊ မတရားသောသူတို့သည် မိမိတို့၏ ဆိုးသွမ်းယုတ်မာမှုရုပ်လုံးမှန်နှင့်တကွ ပေါ်ထွက်လာရကြပြီး သမ္မာတရား၏ စင်ကြယ်သောအလင်းတော်အားဖြင့် သူတို့၏ ကိုယ်ကိုလှည့်စားခြင်းသဘောများ ထင်ရှားနေသည်ဖြစ်ရာ သူတို့အပေါ်သို့ အပြစ်၏ သေစေနိုင်သောအဖိုးအခများ သက်ရောက်လေတော့သည်။ ထိုသို့သောအားဖြင့် “အပြစ်၏အခကား သေခြင်းပေတည်း။”ဟူသောစကား အမှန်ဖြစ်ပေါ်လာတော့သည် (ရောမ ၆း၂၃)။ ဘုရားသခင်သည် သေခြင်း၏ အရင်းအမြစ်ဖြစ်သည်မှန်လျှင်၊ အပြစ်အတွက် ဘုရားသခင်ပေးအပ်သော အဖိုးအခကား သေခြင်းပေတည်း ဟု ထိုကျမ်းချက်တွင် ရေးသားထားခဲ့လိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်သည် သေခြင်း၏ အရင်းအမြစ်မဟုတ်ပါချေ။ ထို့ကြောင့်၊ မတရားသောသူများအား ကျွမ်းလောင်စေခြင်းငှါ အပြစ်တရားအား အခွင့်ပေးတော်မူခြင်းအားဖြင့် သေခြင်းတရားကိုယ်တိုင်သည်လည်း အဆုံးသတ်ကွယ်ပျောက်ရမည်ဖြစ်သည်။

ထိုအခါ မရဏာ(သေခြင်းတရား)နှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်း ဖြစ်သတည်း။- ဗျာဒိတ်ကျမ်း ၂၀း၁၄

တရားစီရင်မှုတွင် ဘုရားသခင်သည် တိုက်ရိုက်ကွပ်မျက်သောသူဖြစ်သည်မှန်လျှင် သေခြင်းတရားသည်လည်း ဘုရားသခင်အားဖြင့် ထာဝရရှင်သန်နေပေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကောင်းကင်အခဘမည်းတော်တွင် မှောင်မိုက်အလျှင်းမရှိပါချေ။

ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။- ထိုအဘသည်

ရွှေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။- ရှင်ယာကုပ်ဩဝါဒစာ ၁:၁၆-၁၇

ထိုနှုတ်ကပတ်တော်ထံ၌ ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသသော တရားစကားဟူမူကား၊ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ **မှောင်မိုက်အလျှင်းမရှိ။**- ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၅

အပြစ်တရားအပေါ် ဖန်ဆင်းခြင်းလက်ရာများ၏တုန့်ပြန်မှုပြုပုံကို လူသားများ နားလည်ရန် အဘယ်ကြောင့် အလွန်ခက်ခဲနေရပါသနည်း။ ထိုသို့သော နားမလည်မှုများကြောင့် ဘုရားသခင်အား ဖျက်ဆီးသောသူတစ်ဦးအဖြစ် ကျွန်ုပ်တို့ နားလည်မှုလွဲနေကြသည်မဟုတ်ပါလော။ အဖြေကား၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် ကျွန်ုပ်တို့၏ဇာတိဖခင်တည်းဟူသော ဖျက်ဆီးသူစာတန်၏ ပုံသဏ္ဍာန်နှင့်အညီ ပုံသွင်းခံထားရသည့်၊ ခရစ်တော်၏စိတ်သဘောမျိုး မရှိကြသည့် ဖျက်ဆီးသူကလေးများ ဖြစ်နေကြသောကြောင့်ဖြစ်သည်။ (ယောဟန် ၈း၄၄၊ ဗျာဒိတ် ၉း၁၁)။ ပညတ်တော်နှင့်တကွ ပညတ်တော်အားကိုင်မြောက်ပေးသူကို ကြည့်ပြီး ကြေးမုံကိုကြည့်နေရသကဲ့သို့ ကိုယ်မျက်နှာကို ကျွန်ုပ်တို့ ပြန်မြင်နေရပါသည်။

တရားကိုမကျင့်ဘဲ နာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ *ရှင်ယာကုပ်ဩဝါဒစာ ၁:၂၃*

ပညတ်တော်၏ ရောင်ပြန်ဟနိုင်သည့်ဂုဏ်သတ္တိအကြောင်းနှင့် ပတ်သက်ပြီး ကျမ်းစာတွင် ဥပမာအမျိုးမျိုးတို့ဖြင့် ဖော်ပြထားပေးပါသည်။ ဤသရေလတမျိုးသားလုံးတွင် တွေ့ရသည့် လူမျိုးရေးတယူသန်စိတ်နှင့်စပ်ဆိုင်သောအပြစ်ကို တပည့်တော်များ ဆုပ်ကိုင်ထားခဲ့ကြသည်ဖြစ်ရာ ပညတ်တော်အားဖြင့် ကိုယ်အပြစ်ကို ပြန်မြင်နိုင်မည့် အခြေအနေတစ်ခု ဖြစ်ပေါ်လာရန် ယေရှု ခွင့်ပြုတော်မူခဲ့လေသည်။

ယေရှုသည် ထိုအရပ်မှထွက်၍ တုရုမြို့နှင့် ဇိဒုန်မြို့၏ ကျေးလက်သို့ ကြွတော်မူလျှင်၊- ခါနာန်အမျိုးဖြစ်သော မိန်းမတစ်ယောက်သည် ထိုနယ်စပ်မှထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကို သနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း **စကားတစ်ခွန်းမျှ ပြန်တော်မမူ။**- တပည့်တော်တို့သည် ချဉ်းကပ်၍၊ **ထိုမိန်းမ ပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။**- ကိုယ်တော်ကလည်း၊ **ဣသရေလအ**

**မျိုးအဝင် ပျောက်လွင့်သော သိုးများမှတစ်ပါး အခြားသောအမျိုးရှိရာသို့ ငါ့ကို မစေလွှတ်ဟု မိန့်တော်မူ၏။**- ထိုမိန်းမသည် ချဉ်းကပ်၍ ပျပ်ဝပ်လျက် ကျွန်မကို ကယ်တော်မူပါသခင်ဟု လျှောက်ပြန်လျှင်၊- ကိုယ်တော်က၊ **သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်**ဟု ပြန်ပြောတော်မူ၏။- မိန်းမကလည်း မှန်ပါ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏ စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန်လျှင်၊- **အို မိန်းမ၊ သင်သည် ယုံကြည်အားကြီးလှပြီ**။ သင့်အလိုရှိသည်အတိုင်း သင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏။

ရှင်မဿဲခရစ်ဝင် ၁၅:၂၁-၂၈

ဤတွင် တပည့်တော်များတို့အား မိမိတို့အပြစ်ကို ပြန်မြင်စေခြင်းငှါငှင်း၊ ဂျူးမေရှိယနှင့် ပတ်သက်သည့် မိမိ၏တယူသန်စိတ်ကို အနိုင်ယူဖို့လိုအပ်နေသည့် ဇိဒုန်မြို့သူ၏ ယုံကြည်ခြင်းကို စမ်းသပ်ခြင်းငှါငှင်း ယေရှုသည် ဘုရားသခင်၏ အသက်ရှင်သောနှုတ်ကပတ်တော်/ အသက်ရှင်သောပညတ်တော်အဖြစ် ရပ်တည်လျက် မိမိတပည့်တော်များတို့၏ လူမျိုးရေးတယူသန်မှုများကို သူတို့၌ သူ ရောင်ပြန်ဟပေးတော်မူခဲ့လေသည်။ ဤနေရာတွင် ပညတ်တော်သည် ဘုရားသခင်၏ စာရိတ္တတော်ကို ရောင်ပြန်ဟပေးခြင်းမပြုပဲ တပည့်တော်များတို့၏ ဒုစရိုက်နှင့်ပြည့်ဝသောအတွေးများကိုသာ ရောင်ပြန်ဟပေးနေသည်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ဤသို့ဖြစ်ရခြင်းအကြောင်းကား တပည့်တော်များတို့သည် တရားကို မကျင့်၊ တရားကိုနာသောသူများသာ ဖြစ်ကြသောကြောင့်ဖြစ်သည်။

ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူ မဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြလော့။- **တရားကိုမကျင့်ဘဲ နာရုံမျှသာပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။** - ရှင်ယာကုပ်ဩဝါဒစာ ၁:၂၂-၂၃

အခြားသော အလားတူဥပမာတစ်ခုကို ယေရှုဟောကြားခဲ့သည့် သူဌေးနှင့် လာဇရုပုံပမာတွင် ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။

တနေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကိုငှင်း၊ အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုငှင်း အဝေးကမြင်

> လျှင်၊ အိုအဘအာဖြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသော ကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှါ သူ့ကို အကျွန်ုပ်ရှိရာသို့ စေ လွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။ ရှင်လုကာခရစ်ဝင် ၁၆း၂၂-၂၄

ဤဖြစ်စဉ်တွင်၊ ယုံကြည်ချက်ချင်းတူညီနေကြသည့် လူတစ်စုနှင့် ခရစ်တော် တွေ့ဆုံနေရခြင်း ဖြစ်ပါသည်။ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကာလ စပ်ကြားတွင် အသိဝင်နိုးကြားနေသည့်အဆင့်တစ်ဆင့်ရှိသည်ဟူသော ယုံကြည်ချက်အမှားတစ်ခုကို လူအများစု ယုံကြည်သက်ဝင်နေခဲ့ကြပါသည်။ ထိုယုံကြည်ချက်သည် ကျမ်းစာနှင့် မကိုက်ညီပါချေ။ “ အသက်ရှင်သောသူသည် မိမိသေရမည်ကို သိ၏။ သေသောသူမူကား၊ အဘယ်အရာကိုမျှမသိ။.....” ဒေသနာကျမ်း ၉း၅။

> အကယ်စင်စစ် မရဏာနိုင်ငံသည် ဂုဏ်တော်ကို မချီးမွမ်းရပါ။ သေနေသော သူသည် ဂုဏ်တော်ကို ထောမနာသီချင်းမဆိုရပါ။ တွင်းထဲသို့ ဆင်းသော သူသည် သစ္စာတော်ကို မမြော်လင့်ရပါ။ ဟေရှာယအနာဂတ္တိကျမ်း ၉း၅

သူတို့၏နားမလည်မှုကြောင့် သူတို့၏ရှိနှင့်ပြီးသားအမြင်မှတဆင့် အရေးကြီး သမ္မာတရားကို သူတို့၌ ထည့်သွင်းပေးနိုင်ရန်အတွက် ဤပုံပမာကို ယေရှုဖွဲ့ဆိုခဲ့လေသည်။ ဤနည်းဖြင့် ကြေးမုံတစ်ခြပ်ကို ယေရှုထောင်ထားပြပေးခဲ့လေသည်။ အပြစ်သား၏ စိတ်သဘောကို ပညတ်တော်အားဖြင့် ဤသို့ရောင်ပြန်ဟ(ထင်ဟ)စေခဲ့ခြင်း၏ ရည်ရွယ်ချက်ကား အပြစ်သားအား မိမိ၏ဖုံးကွယ်မရသောအခြေအနေ - မိမိ၏ ဘုရားသခင်နှင့် ဆက်စံရေးအခြေအနေအမှန် - ကိုပြန်မြင်တွေ့ စေဖို့ဖြစ်သည်။ ဤသို့ဖြင့် သူသည် နောင်တလမ်းသို့ပြန်လှည့်ပြီး ဘုရားသခင်၏ ကြွယ်ဝသော ကယ်တင်တော်မူခြင်းကျေးဇူးကို ရရှိခံစားဖို့ဖြစ်သည်။

> ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ရောမသြဝါဒစာ ၅း၂၀

မည်သို့ပင်ဖြစ်စေကာမူ၊ အပြစ်သားများအနေဖြင့် မိမိတို့အား ဘုရားသခင်ပေးတော်မူသော အခွင့်အရေးရှိသမျှကို ငြင်းပယ်ပြီး၊ မိမိတို့ကိုယ်ကို မိမိတို့၏အပြစ်များနှင့် ထပ်တူကျစေကြသောအခါ၊ သူတို့အား ကိုယ်ပြုသောအပြစ်များအားဖြင့် ပျက်စီးစေခြင်းငှါ ပညတ်တရား၏ ရောင်ပြန်ဟပေးခြင်းလုပ်ငန်းက ခွင့်ပေးလိမ့်မည်ဖြစ်သည်။

အကြောင်းမူကား၊ သူတို့သည် ပညာအတတ်ကိုမုန်းကြ၏။ ထာဝရဘုရားကို ကြောက်ရွံ့သော သဘောကို အလိုမရှိကြ။ ငါသတိပေးခြင်းကို အလျှင်းနား မခံကြ။ ငါဆုံးမ ခြင်းရှိသမျှကို မထီမဲ့မြင်ပြုကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်ကျင့်ခြင်း၏ အကျိုးအပြစ်ကိုစား၍၊ ကိုယ်ကြံသော အကြံတို့နှင့် ဝကြ လိမ့်မည်။ သုတ္တံကျမ်း ၁း၂၉-၃၁

## ကပ်တိုင်တော်၏ဖော်ပြချက်

အပြစ်မည်သည် သေခြင်းပင် ဧကန်ဖြစ်သည်ကို ကပ်တိုင်တော်တွင် တွေ့မြင်ရပါသည်။ ဤ အချက်ကို အစအဦးကတည်းက ဘုရားသခင် ဖော်ပြထားတော်မူသည်။

ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။ ကမ္ဘာဦးကျမ်း ၂း၁၇

အာဒံနှင့် ဧဝတို့ ချက်ချင်း မသေဆုံးခဲ့ကြခြင်းအကြောင်းကား၊ ခရစ်တော်သည် "ကမ္ဘာဦး ကပင် ကွပ်မျက်သောသိုးသငယ်" အဖြစ် သူတို့ကိုယ်စား ထိုအချိန်တွင် စတင်အသေခံပြီး ဖြစ်သောကြောင့်ဖြစ်သည်။ (ဗျာဒိတ် ၁၃း၈)။ အကယ်စင်စစ်၊ ကပ်တိုင်ကဲ့သို့သော သေခြင်း တရားကို အပြစ်စတင်ချိန်ကတည်းက ခရစ်တော် နာကျင်ခံစားလာခဲ့ရပါသည်။

အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ (**သူတို့ညှဉ်းဆဲခံရလေ ရာရာ၌ သူ ညှဉ်းဆဲခံရလေ၏။**) ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန် သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်း ရွေးနှုတ်တော် မူ၏။ **ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။** ဟေရှာယ ၆၃း၉

စာတန်၏ အတွေးအခေါ်ကို အာဒံ ဖက်တွယ်နေခဲ့လေသည်။ ထိုသို့ ဖက်တွယ်ကြောင်းကို ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးအား ယူစားခဲ့ခြင်းဖြင့် သူ ပေါ်လွင်ထင်ရှားစေ ခဲ့ပါသည်။ စာတန်၏ မှားယွင်းသောအတွေးအခေါ်အရ၊ ဘုရားသခင်သည် လူသားတို့၏ ကောင်းစားရေးကို အမှန်တကယ် အလေးထားခြင်းမရှိ၊ ဘုရားသခင်ပေးသော ဆုကျေးဇူး များတို့သည်လည်း လူအပေါင်းတို့အား မိမိနိုင်ငံတော်တွင် မိမိ၏လက် အောက်ခံဖြစ်စေရေး အတွက်သာဖြစ်သည် ဆိုသည့် အဓိပ္ပါယ်မျိုးသက်ရောက်နေပါသည်။

မြွေကလည်း သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်း

မကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင် သိတော်မူသည်ဟု မိန်းမအားဆို၏။ ကမ္ဘာဦးကျမ်း ၃း၄၊၅

## ဘုရားသခင် မျက်နှာလွှဲတော်မူခြင်း

ဤအတွေးအခေါ်နှင့်တကွ အာဒံနှင့် သူ၏ဇနီးသည်တို့က၊ သေခြင်းသို့ ပို့ဆောင်သောအရာမှာ အပြစ်မဟုတ်ပဲ ဘုရားသခင်ကသာ မိမိပညတ်ကိုလွန်ကျူးသောသူအား ကွပ်မျက်နေခြင်းဖြစ်သည်ဟု စတင်ယုံစားမိခဲ့ကြလေသည်။ ထိုသို့ယုံစားနေကြောင်းကို အပြစ်ဝင်ပြီးနောက် သူတို့၏တုန့်ပြန်ပြုမူပုံတွင် ရှင်းလင်းပြထားပါသည်။

> နေဇသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသောအသံကို လုလင်မယားတို့သည် ကြားလျှင်၊ အထံတော်မှ လွတ်ခြင်းငှါ၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။ ကမ္ဘာဦးကျမ်း ၃း၈

ဤအတွေးအခေါ်သည် အာဒံ၏သားစဉ်မြေးဆက်ရှိသမျှတို့၏ စိတ်ထဲတွင် နက်ရှိုင်းစွာ တွယ်ညှိနေခဲ့လေသည်။ ကရာနီကုန်းထက်က အသေခံတော်မူခြင်းအမှုကို ဘုရားသခင်၏ တိုက်ရိုက်လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ဓာတိလူတစ်ဦးအနေနှင့် ကျွန်ုပ်တို့ အဘယ်ကြောင့် ရှုမြင်မိကြသည်ကို ယခုအခါ ကျွန်ုပ်တို့ပိုမိုနားလည်လာနိုင်ပြီးဖြစ်သည်။

> သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူခြင်းကိုငှင်း၊ **ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငှင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။**
>
> *ဟေရှာယအနာဂတ္တိကျမ်း ၅၃း၄*

ခမည်းတော်၏ ဂရုဏာတော်နှင့်ပြည့်ဝသောမျက်နှာတော်ကို လွှဲသွားစေပြီး ယေရှုအား ကပ်တိုင်တင်ကွပ်မျက်ခဲ့သူမှာ ဘုရားသခင်မဟုတ်ပဲ အပြစ်ပင်ဖြစ်ပေသည်။

> သုံးချက်တီးအချိန်၌ ယေရှုက၊ ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း ဟု ဆိုလိုသတည်း။ ရှင်မဿဲခရစ်ဝင် ၂၇း၄၆

ကပ်တိုင်မတိုင်မှီ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ ကတည်းက ကြိုတင်ဟောထားခဲ့သော

ဆာလံကျမ်း ၂၂ ၏ အစပိုင်းစကားလုံးများကို ဤနေရာတွင် ယေရှုပြောဆိုနေခဲ့ခြင်းဖြစ်သည်။ ခမည်းတော်သည် မိမိသားတော်အား ကိုယ်မျက်နှာကို လွှဲထားခြင်း ဧကန်ပြုသည် မပြုသည်ကို ဤကျမ်း၏ နောက်ပိုင်းတွင် ကျွန်ုပ်တို့တွေ့ရှိရသည်။

> အကြောင်းမူကား၊ နှိမ့်ချလျက်ရှိသောသူ၏ နှိမ့်ချသောအဖြစ်ကို မထီမဲ့မြင်ပြုတော်မူသည်မဟုတ်။ **မျက်နှာတော်ကိုမလွှဲ**၊ အော်ဟစ်သောအခါ နားထောင်တော်မူပြီ။ ဆာလံကျမ်း ၂၂း၂၄

ခမည်းတော်သည် သားတော်နှင့် အတူရှိတော်မူခဲ့ပြီး မိမိသားတော်နှင့်အတူ သူ နာကျင်ခံစားတော်မူခဲ့သည်။ သို့ရာတွင် ထိုအတူရှိတော်မူခြင်းကို ယေရှုမခံစားမိခဲ့ပါချေ။ အဘယ်ကြောင့်ဆိုသော် သူ့ပတ်လည်တွင် လောကကြီးတစ်ခုလုံး၏ အပြစ်ဝန်ထုပ်က အမှောင်ထုသဖွယ် ဝန်းရံကာဆီးထားသောကြောင့်ဖြစ်သည်။

> အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင် (ခမည်းတော်) သည် အပြစ်နှင့်ကင်းစင်သောသူ(ယေရှု)ကို ငါတို့အတွက်ကြောင့် **အပြစ်ရှိ သောသူ**ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။ *ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၂၁*

> ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီး ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ ရှင်ပေတရုဩဝါဒစာပဋ္ဌမစောင် ၂း၂၄

> ယေရှုသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် **လူအပေါင်းတို့အတွက်ကြောင့် အသေခံ**ရသော အခွင့်ရှိစေခြင်းငှါ...ငါတို့မြင်ကြ၏။
>
> *ဟေဗြဲဩဝါဒစာ ၂း၉*

ချစ်တော်မူသောသားတော်အား ဘုရားသခင် မျက်နှာလွှဲထားပုံပေါ်ရခြင်း အကြောင်းကား ထိုအချိန်နာရီတွင် ခရစ်တော်သည် အပြစ်ထမ်းရွက်သူအဖြစ် ရှိနေသောကြောင့်ဖြစ်သည်။

> သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ **သင်တို့<u>အပြစ်</u>သည် မျက်နှာတော်ကို လွှဲစေပြီ။** *ဟေရှာယ ၅၉း၂*

သားတော်အပေါ် ဘုရားသခင် အချစ်မလျော့ခဲ့ပါ။ သူသည် ချစ်ခြင်းမေတ္တာဖြစ်တော်မူပြီး သူကိုယ်တိုင်နှင့် သူ၏စာရိတ္တတော်သည်လည်း ပြောင်းလဲ ခြင်းမရှိပါ။

......အကြောင်းမူကား၊ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍ မထားဟု ဂတိတော်ရှိ၏။ ဟေဗြဲသြဝါဒစာ ၁၃း၅

အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။ ဆာလံကျမ်း ၁၀၀း၅

အပြစ်သယ်ဆောင်သူရှုထောင့်မှကြည့်လျှင် ကောင်းကင်အဖခမည်းတော်၏ ကရုဏာနှင့်ပြည့်ဝသည့် ကြွန်အင်လက္ခဏာများကို မတွေ့မမြင်ရပါချေ။ အကြောင်းမှာ မမြင်နိုင်စေခြင်းငှါ အပြစ်နှင့်ဆိုင်သော အတွေးအခေါ်များက ဖုံးကွယ်ထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်နှင့် အဆက်ပြတ်၍ အပြစ်၏အကျိုးရလဒ်များ သက်ရောက်လာခြင်းသည် ဘုရားသခင်၏ အမျက်တော်ပင်ဖြစ်ပေသည်။ အမျက်တော်ဟု ဆိုရာတွင် ဘုရားသခင်ဘက်မှ စာရိတ္တတစ်စုံတစ်ရာပြောင်းလဲ ခြင်းမျိုးမဟုတ်ပါ။ သူ၏ စိတ်ရှည်သည်းခံမှု ကုန်ဆုံး၍ ကရုဏာတော် ပျောက်ပျက်သွားခြင်းမျိုးလည်းမဟုတ်ပါ။ ၎င်းသည် ဘုရားသခင်အပေါ် အပြစ်သားတို့ ရှုမြင်ကြသည့် သဘောထားအမြင်တစ်ခုသာဖြစ်သည်။ မိမိညီဖြစ်သူကို ကွပ်မျက်ပြီး သည်နောက် ဤသဘောထားအမြင်ကို ကာဣန ထုတ်ဖော်ပြသခဲ့လေသည်။

ကာဣနကလည်း အကျွန်ုပ်အပြစ်သည် မဖြေနိုင်အောင် ကြီးပါသလော။
*ကမ္ဘာဦးကျမ်း ၄း၁၃*

မိမိ၏အပြစ်သည် ခွင့်လွှတ်၍မရနိုင်အောင် ကြီးမားသည်ဟု ကာဣန တွေးထင်နေခဲ့ကြောင်း ဤနေရာတွင် ဖော်ပြထားပါသည်။ Douay-Rheims 1899 American Edition ဘာသာပြန်ဆိုမှုနှင့် Wycliffe's ဘာသာပြန်ဆိုမှုများတွင်လည်း ဤနည်းအတိုင်း ဘာသာပြန်ထားပေးပါသည်။

ကာဣနကလည်း အကျွန်ုပ်အပြစ်သည် ခွင့်လွှတ်မခံထိုက်သည်တိုင်အောင် ကြီးပါသလော။ ကမ္ဘာဦးကျမ်း ၄း၁၃ (DRA)

ကာဣနကလည်း အကျွန်ုပ်၏ဆိုးသွမ်းမှုသည် ခွင့်လွှတ်မခံထိုက်သည်တိုင်အောင် ကြီးပါသလော။ ကမ္ဘာဦးကျမ်း ၄း၁၃ (Wycliffe)

Adam Clarke ၏ ရှင်းလင်းချက်မှတ်စုတွင် ကမ္ဘာဦးကျမ်း ၄း၁၃ ကို အောက်ပါအတိုင်း ရှင်းလင်းပြထားပါသည်။

> မူရင်းဘာသာအားဖြင့်၊ "အကျွန်ုပ်၏ ပြစ်မှုသည် ခွင့်လွှတ်၍မရနိုင်အောင် ကြီးပါသလော။" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ ဤစကားကို စိတ်ပျက်လက်ပျက်ဖြင့် မိမိနှုတ်မှ ကာဣနပြောဆိုခဲ့သည်ဟု ကျွန်ုပ်တို့ ယူဆနိုင်သည်။ avon ဟူသော ဟေဗြဲစကားသည် *ပြစ်ဒဏ်* ဆိုသည့် အဓိပ္ပါယ်ထက် *ပြစ်မှု* ဆိုသည့်အဓိပ္ပါယ်မျိုး သက်ရောက်နေပါသည်။ ဝတ်ပြုရာ ၂၆း၄၁၊ ၁ဓမ္မရာဇဝင် ၂၈း၁၀၊ ၄ ဓမ္မရာဇဝင် ၇း၉ တွင် ဤအဓိပ္ပါယ်မျိုးနှင့် သုံးနှုန်းထားပါသည်။ nasa ဟူသော ဟေဗြဲစကားသည် လျှော်ပစ်သည် (သို့) ခွင့်လွှတ်သည် ဟူသည့် အဓိပ္ပါယ်မျိုးရှိပါသည်။

ဤသည်ကား အပြစ်တရားနှင့်ဆိုင်သော အတွေးပင်ဖြစ်ပေသည်။ ဤသို့သော လှည့်ဖြားခြင်းအားဖြင့် အပြစ်တရားသည် ဘုရားသခင်၏ပညတ်တရားကို အသုံးချပြီး လူကိုသေစေပါသည်။

> အသက်ရှင်ခြင်းနှင့်ဆိုင်သော ပညတ်တရားသည် သေခြင်းနှင့် ဆိုင်သည်ကို ငါတွေ့၏။ <u>**အပြစ်တရား**</u>သည် ပညတ်တရားအားဖြင့် အခွင့်ရလျှင်၊ **ငါ့ကို လှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို သတ်လေ၏။** ရောမသြဝါဒစာ ၇း၁၀၊ ၁၁
>
> မတရားသောအကြံကို မင်း၏အခွင့်နှင့် ပြုစုတတ်သော အဓမ္မရာဇပလ္လင်သည် **ကိုယ်တော်နှင့် မိဿဟာယဖွဲ့ရပါမည်လော။** ဆာလံကျမ်း ၉၄း၂၀

အလွန်ဖေါက်ပြန်မှားယွင်းသော အတွေးအခေါ်၊ နားလည်မှုများတို့နှင့်တကွ အပြစ်ဝန်ထုပ်တစ်ခုလုံးတို့သည် ယေရှုအပေါ်သို့ လွှမ်းမိုးဖိစီးလျက် သူ၏စိတ်ဝိညာဉ်ကို ကြေမွသွားစေကာ ချစ်တော်မူသော အဖခမည်းတော်၏မျက်နှာတော်ကို လွဲစေခဲ့လေသည်။

> အကျွန်ုပ်ဘုရား၊ နေ့အခါအကျွန်ုပ်အော်ဟစ်သော်လည်း၊ ကိုယ်တော်သည် နားမထောင်ပါ။ ညဉ့်အခါ အော်ဟစ်သော်လည်း သက်သာခြင်းသို့ မရောက်ပါ။..... အကျွန်ုပ်မူကား၊ လူမဟုတ်၊ ပိုးကောင်မျှသာဖြစ်ပါ၏။ လူများ ကဲ့ရဲ့စရာ၊ လူစုအရှက်ခွဲစရာဘို့ ဖြစ်ပါ၏။ အကျွန်ုပ်ကိုမြင်သမျှသော သူတို့သည်

ပြက်ယယ်ပြုခြင်း၊[1] နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းညိတ်ခြင်းကို ပြုကြပါ၏။ သူသည် ထာဝရဘုရားကို ကိုးစားပြီ၊ သူ့ကို နှုတ်တော်မူပါလေစေ။ သူ၌ အလိုရှိလျှင် ယ ခုပင် ကယ်တင်တော်မူပါလေစေဟု ဆိုကြပါ၏။[2]... အကျွန်ုပ်သည် ရေကဲ့သို့ သွန်ခြင်းကို ခံရ၍၊ အရိုးအဆစ်ရှိသမျှတို့သည် ပြုတ်ကြပါ၏။ အကျွန်ုပ်နှလုံး သည် ဘယောင်းကဲ့သို့ဖြစ်၍၊ ရင်ထဲမှာ အရည်ကျိုလျက် ရှိပါ၏။ အကျွန်ုပ်ခွန် အားသည် အိုးခြမ်းကဲ့သို့ ခန်းခြောက်၍၊ လျှာလည်း ပါးရိုး၌ကပ် လျက်ရှိပါ၏။[3] အကျွန်ုပ်ကို သေမြေတိုင်အောင် ချတော်မူပါပြီ။ ခွေးတို့သည် အကျွန်ုပ်ကို ဝိုင်း လျက်၊ စုဝေးသော လူဆိုးတို့သည် ဝန်းရံလျက်နေ၍၊ အကျွန်ုပ်၏ ခြေလက်တို့ ကို ထိုးဖောက် ကြပါပြီ။... အကျွန်ုပ်အဝတ်ကို အချင်းချင်း ဝေဖန်၍၊ အကျွန်ုပ် အင်္ကျီကို စာရေးတံချကြပါ၏။[4] *ဆာလံကျမ်း ၂၂း၂၊ ၆-၈၊ ၁၄-၁၆၊ ၁၈*

အပြစ်တရား၏ အသီးအပွင့်ဖြစ်သည့် "ကေန်အမှန်သေရမည်" ဆိုသော အဖြစ်မှန် တရားသည် ဤဖြစ်စဉ် မဖြစ်ပျက်မီအချိန်အထိတွင် ပေါ်လွင် ထင်ရှားခြင်းမရှိသေးပါ။ ယေရှု အသေမခံမီအချိန်အထိတွင် အပြစ်၏အခ သေခြင်းတရား၏ အမှောင်မိုက်ဆုံးအ ခြေအနေတစ်ခုကို အဘယ်သူမျှ မကြုံစဖူးပါ။ ယေရှုအသေခံပြီးနောက်ပိုင်းတွင်လည်း အဘယ်သူမျှ မကြုံစဖူးပါချေ။ ယေရှု၏ပေးဆပ်မှုကို ငြင်းပယ်သောသူတို့သည် နှစ်ပေါင်း ၁၀၀၀ အဆုံးတွင်ဖြစ်ပျက်မည့် ဒုတိယထမြောက်ခြင်း၌ ယေရှုခံစားရမည့် ခံစားမှုကို နားလည်သဘောပေါက်ကြလိမ့်မည်။ ယေရှု ကြုံခဲ့ရသည့် သေခြင်းမျိုးကို အဘယ်သူမျှ မကြုံစဖူးပါ။ ထို့ကြောင့် နှစ်ကာလအရ ယေရှုသည် သင်္ချိုင်းတွင်းမှ အဦးထမြောက်ခဲ့သူ မဟုတ်သော်လည်း ကျမ်းစာတော်မြတ်က သူ့အား "သေသောသူတို့တွင် သားဦး"ဟူ၍ ခေါ်ဆိုထားပါသည်။

သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ **သေသောသူတို့တွင် သားဦး** ......ယေရှုခရစ်အထံတော်ကငင်း၊..... ဗျာဒိတ်ကျမ်း ၁း၅

အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်း ဖြစ်တော်မူ၏။ အရာရာ၌

[1] ရှင်မဿဲခရစ်ဝင် ၂၇း၃၉-၄၃ တွင် ကြည့်ရန်

[2] ရှင်မဿဲခရစ်ဝင် ၂၇း၄၃

[3] ရှင်ယောဟန်ခရစ်ဝင် ၁၉း၂၈ တွင် ဖတ်ရန်

[4] ရှင်မဿဲခရစ်ဝင် ၂၇း၃၅ တွင် ဖတ်ရန်

ထူးမြတ်ခြင်းငှါ မူလအရင်း ဖြစ်၍၊ **သေသောသူတို့တွင် သားဦး** ဖြစ်တော်မူ၏။
ကောလောသဲဩဝါဒစာ ၁း၁၈

လူ့သမိုင်းတလျှောက်တွင် သေဆုံးသွားသော လူသားအပေါင်းတို့၏သေဆုံးခြင်းကို ဘုရားသခင်သည် သေခြင်းအဖြစ်မှတ်တော်မမူကြောင်း ကျမ်းစာက ဖော်ပြထားသည်။

ထိုကာလအခါ **မြေမှုန့်၌ <u>အိပ်ပျော်</u>သောသူများ**တို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား၊ ထာဝရအသက် ရှင်ခြင်းနှင့်ငှင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရ အသရေပျက်ခြင်းနှင့်ငှင်း နိုးကြလိမ့်မည်။

*ဒံယေလအနာဂတ္တိကျမ်း။ ၁၂း၂*

မတရားသောသူတို့၏ သေဆုံးခြင်းကိုပင် အိပ်ပျော်ခြင်းအဖြစ် ဖော်ပြထားသည်။ အကြောင်းမှာ သူတို့၏သေဆုံးခြင်းသည်လည်း နောက်ဆုံး သေဆုံးခြင်းမဟုတ်သောကြောင့် ဖြစ်သည်။ အိပ်ပျော်သော ဖြောင့်မတ်သူများအကြောင်းနှင့်ပတ်သက်သည့် ယေရှု၏ တင်ပြများမှာမူ ပို၍ပင်ရှင်းလင်းပြတ်သားနေလေသည်။

ထိုမှတပါး သေလွန်သောသူတို့သည် ထမြောက်ခြင်းအရာမှာ၊ ဘုရားသခင်က၊ ငါသည် အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟု သင်တို့အား မိန့်မြွက်တော်မူကြောင်းကို သင်တို့သည် မဘတ်ဘူးသလော။ **ဘုရားသခင်သည် သေနေသောသူတို့၏ ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ ဘုရားဖြစ်တော်မူသည်**ဟု မိန့်တော်မူ၏။ *ရှင်မဿဲခရစ်ဝင် ၂၂း ၃၂*

ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ **ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါ့စကားကိုယုံသလော....**

*ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅၊ ၂၆။*

# တရားစီရင်ခြင်း

မေတ္တာရှင်အဖခမည်းတော်သည် ကျွန်ုပ်တို့အပြစ်ကြောင့် ဖြစ်ပေါ်လာသည့် သေခြင်း၏ လက်သို့ မိမိ၏သားရတနာကို စွန့်တော်မူ၏။ ထိုသေခြင်းကား၊ အပြစ်တစ်ခုလွန်ကျူး မိရုံမျှဖြင့် သားတော်အနေနှင့် လုံးဝ ရှင်ပြန်ထမြောက်မလာနိုင်တော့သည့် သေခြင်းမျိုးဖြစ်၏။ သားတော်အား ဤသို့ စွန့်တော်မူရခြင်းအကြောင်းကား သားတော်နည်းတူ ထာဝရ အသက်ရှင်ရသောအခွင့်ကို လူသားများ ရနိုင်ဖို့အတွက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့ကိုယ်စား အသေခံသည့် မိမိသားတော်၏ အသေခံတော်မူခြင်းကို လက်ခံခြင်းငှါ မည်သူကိုမျှ ဘုရားသခင် ဖိအားပေးတော်မမူသည်ဖြစ်ရာ ဒုတိယသေခြင်းတစ်မျိုး ရှိနေလေအုံးမည်ဖြစ်သည်။

> တဖန်တုံ၊ **ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုငှင်း** ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ **သေလွန်သောသူ** အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏ အသက်စာစောင်တည်းဟူသော အခြားတပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ **သေလွန်သောသူတို့**သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသော **လူသေတို့**ကို အပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ ရှိသော လူသေတို့ကို အပ်ပေးကြ၏။ **လူအသီးအသီးတို့သည် မိမိတို့အကျင့်အတိုင်း** တရားစီရင်ခြင်းကို ခံရကြ၏။ **ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ <u>ထိုသေခြင်းကား ဒုတိယသေခြင်း ဖြစ်သတည်း။</u>**
>
> *ဗျာဒိတ်ကျမ်း ၂၀း၁၁-၁၅*

ကျွန်ုပ်တို့ အဓိကလေ့လာနေသည့် မတရားသောသူတို့အား လောင်ကျွမ်းမည့်မီး အကြောင်း ဖော်ပြချက်အပြီးတွင် အထက်ပါကျမ်းချက်ကို တွေ့ရှိရသည်။ ယင်းကျမ်းချက်သည် ထိုလောင်ကျွမ်းခြင်းအကြောင်းကို နောက်ပုံစံတစ်မျိုးဖြင့် ထပ်မံဖော်ပြပေးလိုက်သည့် ရှင်းလင်းချက်တစ်ခုဖြစ်သည်။ ပလ္လင်ဖြူပေါ်မှာ ထိုင်သောသူ၏စာရိတ္တာထင်ရှားခြင်းမှ တရားစီရင်ခြင်းထွက်ပေါ်ကြောင်း ထိုအချက်က ပြပေးထားသည်။ တရားစီရင်ခြင်းခံရသောသူတို့အား (သူတို့ရှင်ပြန်ထမြောက်လာကြသည့်နောက်မှာပင်) သေသောသူ ဟူ၍ ခေါ်ဆိုထားသည့်အချက်ကို မှတ်သားဖို့ အရေးကြီးသည်။ သူတို့အား ထိုသို့ ခေါ်ဆိုရခြင်းအကြောင်း

ကား သူတို့သည် "ဒုစရိုက်အပြစ်တို့၌ သေလျက်ရှိနေသော"ကြောင့်ဖြစ်သည်(ဖေက် ၂း၁၊ ၂၊ ၅)။ ထို့ကြောင့် သူတို့၌ ကျရောက်မည့် တရားစီရင်ခြင်းကား ဝိညာဉ်ရေးအရ သူတို့၌ ဖြစ်နှင့်ပြီးသားအခြေအနေတစ်ခု၏ ပေါ်လွင်ထင်ရှားမှုတစ်ရပ်ပင်ဖြစ်ပေသည်။ မရဏာ (သေခြင်း)နှင့် မရဏာနိုင်ငံကို မီးထဲသို့ချပစ်သည် ဟူသည့်စကားကလည်း ဘုရားသခင် ကိုယ်တော်တိုင်မှ တိုက်ရိုက်တရားစီရင်ခြင်း ပြုတော်မမူကြောင်းကို ဖေါ်ပြပေးနေပါသည်။ ဘုရားသခင်ကိုယ်တော်တိုင် တိုက်ရိုက်တရားစီရင်သည် မှန်လျှင် မရဏာ(သေခြင်း)ကို မီးထဲသို့ချပစ်သည့်အစား ယင်းသေခြင်းသည် ဘုရားသခင်အားဖြင့် ထာဝရတည်ရှိနေရ ပေလိမ့်မည်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော်၊ ထိုသူများအပေါ် ကျရောက်မည့် တရားစီ ရင်ခြင်းကား သူတို့ကိုယ်စား ခရစ်တော်၏ အသေခံတော်မူခြင်းအရာကို ငြင်းပယ်ခြင်း၏ ရလဒ်ပင်ဖြစ်ပေသည်။ အဓိပ္ပါယ်မှာ ကပ်တိုင်ထက်က ခရစ်တော်၏ သေဆုံးခြင်းအမှုသည် ထိုသူတို့၏ သေဆုံးခြင်းအမှုနှင့် အလွန်ဆင်တူလှသည်။ အဘယ်ကြောင့်ဆိုသော် မိမိ အပြစ်တို့ ၏ကျွမ်းလောင်ခြင်းအားဖြင့် သူတို့သေဆုံးရမည်ဖြစ်သောကြောင့်ဖြစ်သည်။

> ထိုနောက်မှ နွားကို **<u>တပ်ပြင်</u>**သို့ဆောင်သွား၍၊ အရင်နွားကို မီးရှို့သကဲ့သို့ **ရှို့**ရ မည်။ ပရိသတ်အဘို့ **အပြစ်ဖြေစရာယဇ်**ဖြစ်သတည်း။ *ဝတ်ပြုရာကျမ်း ၄း၂၁*

> အကြောင်းမူကား၊ ယဇ်ပုရောဟိတ်မင်းသည် အပြစ်ဖြေသော ယဇ်ကောင်၏ အသွေးကို သန့်ရှင်းရာဌာနထဲသို့ သွင်းပြီးမှ၊ ယဇ်အသေကောင်တို့ကို **<u>တပ်ပြင်</u> <u>၌</u> မီးရှို့ရ၏။** ထိုသို့နှင့်အညီ၊ ယေရှုသည် မိမိအသွေးအားဖြင့် လူများကို စင် ကြယ်စေခြင်းငှါ၊ **<u>မြို့တံခါးအပြင်၌</u>** အသေခံတော်မူ၏။
>
> *ဟေဗြဲသြဝါဒစာ ၁၃း၁၁၊ ၁၂*

တပ်ပြင် ဟူသောအရပ်ကား အပြစ်သယ်ဆောင်သူ (ထမ်းရွက်သူ)မှ ကျွန်ုပ်တို့ ခမည်းတော် ၏ ဂရုဏာမျက်နှာတော်ကို မမြင်တွေ့နိုင်သည့် အရပ်ဖြစ်သည်။

> ထို**အနာ**စွဲသည် ကာလပတ်လုံး၊ **သူသည် ညစ်ညူး၏ မစင်ကြယ်သည် ဖြစ်၍** တယောက်တည်းနေရမည်။ သူ့နေရာသည် **<u>တပ်ပြင်</u>**မှာရှိရမည်။
>
> *ဝတ်ပြုရာကျမ်း ၁၃း၄၆*

> ထာဝရဘုရားကလည်း၊ **ကျိန်ဆဲသောသူကို <u>တပ်ပြင်</u>သို့ ဆောင်သွား၍၊** သူ၏ စကားကို ကြားသောသူအပေါင်းတို့သည် သူ၏ခေါင်းပေါ်မှာ လက်ကိုတင်ပြီး

မှ၊ ပရိသတ်အပေါင်းတို့သည် ကျောက်ခဲနှင့် ပစ်ကြစေ။

*ဝတ်ပြုရာကျမ်း ၂၄း၁၃-၁၄*

ဤအရပ်အကြောင်းကို အောက်ပါသဘောမျိုးဖြင့် ယေရှုမိန့်မြွက်တော်မူသည်။

> အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ်မီတိုင်အောင် **အာဏာသားတို့လက်ကို အပ်လေ၏**။ သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါ လျက်အပြစ်မလွှတ်လျှင်၊ **ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏အဘသည် ထို နည်းတူ သင်တို့ကိုစီရင်တော်မူလတ့ံ**ဟု မိန့်တော်မူ၏။ *ရှင်မဿဲ ၁၈း၃၄၊ ၃၅*

> ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ချကြလတ့ံ။ *ရှင်မဿဲ ၁၃း၄၂*

> ထိုအခါ **မင်းကြီးသည် အခြံအရံတို့အား ထိုသူ၏လက်ခြေကို တုပ်နှောင် လေ့။ ငိုကြွေးခြင်း အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ် မှောင်မိုက်ထဲသို့** ယူသွားချလိုက်ကြဟု အမိန့်တော်ရှိ၏။ *ရှင်မဿဲ ၂၂း၁၃*

ဝိညာဉ်ရေးအမှောင်ထုဆိုသည်မှာ ဘုရားသခင့်စာရိတ္တတော်၏ အလင်းကို မမြင်နိုင်တော့ သည်တိုင်အောင် အပြစ်သားသည် အပြစ်တရားနှင့် တထပ်တည်းဖြစ်သွားသည့် အခြေ အနေတစ်ခုပင်ဖြစ်သည်။ ဤအရပ်/အခြေအနေအကြောင်းကို ယေရှု ပြောဆိုလေရာ ရာတွင် အခြားသောသူတစ်စုံတစ်ယောက်အားဖြင့် တရားစီရင်ခြင်းအမှုကို ပြုတော်မူ ကြောင်း ယေရှုရှင်းပြထားတော်မူပါသည်။ "အာဏာသားများ" သို့ "အခြံအရံများ" က "သူတို့ကို ချည်" ပြီးလျှင် "ချပစ်တော်မူမည်" ဖြစ်ကြောင်း ယေရှုမိန့်ခဲ့လေသည်။ ဘုရား သခင်သည် တိုက်ရိုက် သေမိန့်ချသူမဟုတ်ကြောင်းနှင့် ဘုရားသခင်၏ ဘုန်းသရေရှိသော မျက်နှာတော်နှင့် ချစ်ဖွယ်သောရှေ့တော်မှောက်တွင် သူတို့သည် **မိမိတို့၏ကိုယ်ပိုင်အပြစ် များအားဖြင့်** သေဆုံးရကြကြောင်း ဤအချက်က အတည်ပြုထားပေးပါသည်။

> **မတရားသောသူမူကား၊ ဘေးဖြင့်အသက်ဆုံးခြင်းသို့ ရောက်ရမည်။** ဖြောင့် မတ်သောသူကို မုန်းသောသူတို့သည် အပြစ်စီရင်ခြင်းကို ခံရကြမည်။
>
> ဆာလံကျမ်း ၃၄း၂၁

> ဖြောင့်မတ်ခြင်းပါရမီသည် စုံလင်သောသူတို့ကို ပဲ့ပြင်တတ်၏။ **မတရားသော သူမူကား၊ မိမိမတရားသော အမှုအားဖြင့် ဆုံးရှုံးတတ်၏။** ဖြောင့်မတ်သော သူ

တို့၏ဖြောင့်မတ်သောသဘောသည် သူတို့ကို ကယ်တင်တတ်၏။ **လွန်ကျူးသော သူတို့မူကား၊ မိမိတို့အဓမ္မ၌ ကျော့မိတတ်ကြ၏။** *သုတ္တံကျမ်း ၁၁း၅၊ ၆*

ထိုသူသည် ဒုစရိုက်ဘွားသောဝေဒနာကို ခံရ၏။ မကောင်းသော အကြံအစည်ကို ပဋိသန္ဓေယူ၍၊ စိတ်ပျက်ခြင်းကို ဘွားမြင်တတ်၏။ တွင်းကိုလည်း နက်စွာတူးသဖြင့်၊ **မိမိတူးသောတွင်းထဲသို့ မိမိကျတတ်၏။ မိမိမကောင်းသော အကြံအစည်သည် မိမိခေါင်းပေါ်မှာ ပြန်ရောက်၍၊** မိမိကြမ်းတမ်းသောအမှုသည် **မိမိခေါင်းထိပ်ပေါ်မှာ** သက်ရောက်တတ်၏။ *ဆာလံကျမ်း ၇း၁၄၊ ၁၆*

တပါးအမျိုးသားတို့သည် **ကိုယ်တူးသော**တွင်းထဲသို့ ကိုယ်ကျကြ၏။ ကိုယ်ဝှက်ထားသော ကျော့ကွင်းထဲမှာ ကိုယ်ခြေတို့သည် ကျော့မိကြ၏။ ထာဝရဘုရားသည် တရားစီရင်ဆုံးဖြတ်တော်မူခြင်းအားဖြင့် ထင်ရှားတော်မူ၏။ **မတရားသောသူသည် မိမိလုပ်သော အလုပ်ထဲမှာ ကျော့မိခြင်းကိုခံရ၏။** ဆာလံကျမ်း ၉း၁၅၊ ၁၆

အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ **မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။** ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ ဂလာတိ ၆း၇၊ ၈

ဘုရားသခင့် အမျက်တော်သည်ကား အများသောသူတို့၏ ထင်မြင်ယူဆချက်နှင့် လွန်စွာကွာခြားကြောင်းကို ကပ်တိုင်အလင်းအားဖြင့် ကျွန်ုပ်တို့ နားလည်နိုင်သည်။

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၈

လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။ ရှင်ယာကုပ်ဩဝါဒစာ ၁း၂၀

ဘုရားသခင့်အမျက်တော်နှင့်ဆိုင်သည့် ကျမ်းအခ်ပ္ပါယ်ဖွင့်ဆိုချက် တစ်ခုရှိသည်။

> ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကိုဖျက်ဆီးအပ်သလော၊ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလောဟု ပရိသတ်တို့အား မေး တော်မူလျှင်၊ ထိုသူတို့သည် တိတ်ဆိတ်စွာနေကြ၏။ ထိုအခါ **<u>အမျက်တော်နှင့်</u>** သူတို့ကို ပတ်လည်ကြည့်ရှု၍ **<u>သူတို့စိတ်နှလုံး မိုက်သောကြောင့် ဝမ်းနည်းတော်မူခြင်းရှိလျက်</u>**၊ သင်၏လက်ကို ဆန့်လော့ဟု ထိုသူအား မိန့် တော်မူ၍ သူသည် မိမိလက်ကိုဆန့်လျှင်၊ ထိုလက်သည် လက်တဘက်ကဲ့သို့ ပကတိဖြစ်လေ၏။ ရှင်မာကုခရစ်ဝင် ၃း၄၊ ၅

ယေရှု၏ အမျက်တော်သည် လူသားတို့၏စိတ်နှလုံးမိုက်ခြင်းကြောင့် ဝမ်းနည်းတော်မူရခြင်းမှ လာသည်။ ထိုအမျက်တော်သည် လူသားတို့အား အသေသတ်ဖျက်စီးပစ်လိုသည့် အမျက်တော်မျိုးမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူ့အသက်သတ်ခြင်းသည် ဆဋ္ဌမ ပညတ်ချက်ကို ချိုးဖျက်ရာရောက်ပြီး ယေရှု၏ စာရိတ္တတော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ယေရှု၏ အမျက်တော်သည်ကား၊ အပြစ်အားဖြင့် မိမိတို့ကိုယ်ကို အသက်၏အရင်း အမြစ်မှ ဖြတ်တောက်ပစ်ပြီး သေခြင်းသို့ မိမိတို့ကိုယ်ကို အရောက်ပို့နေကြသည့် မိမိ သားသမီးတို့၏လုပ်ရပ်ကြောင့် ဝမ်းနည်းတော်မူရခြင်းမှ လာပါသည်။ ဝမ်းနည်းခြင်းအပြီး ယေရှု၏နောက်ထပ်လုပ်ဆောင်မှုတစ်ခုမှာ လူ့အသက်သတ်ခြင်းမဟုတ်ပဲ ချည့်နှက်သော လက်တော်နှင့် လူသားအား ဂရုဏာအပြည့်ဖြင့် ကုစားပေးခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် နှစ်ပေါင်းတစ်ထောင်အဆုံး၌ မတရားသောသူများသေဆုံးရမည့်ပုံ နှင့်ပတ်သက်ပြီး ကပ်တိုင်တော်၏နက်နဲခြင်းက ကျွန်ုပ်တို့အား အဘယ်သို့ဖေါ်ပြပေးလိုက်ပါသနည်း။ ယေရှုအား အသက်တော်စွန့်စေခဲ့သည့်အရာမှာ သံမှိုက်ချက်နှင့် ရိုက်နှက်ခံဒဏ်ချက်များမှ ရရှိလာသည့် ကိုယ်ခန္ဓာ၏နာကျင်ခြင်းဝေဒနာများ မဟုတ်ခဲ့ပါချေ။ လောက၏ အပြစ်ဝန်ထုပ်ကြောင့် ဖြစ်ပေါ်လာသည့် ယေရှု၏ စိတ်ဝိညာဉ် နာကျင်ခြင်းဝေဒနာသည် သူခံရသော ခန္ဓာနာကျင်ခြင်းဝေဒနာထက် များစွာကြီးမားနေခဲ့လေသည်။

> သို့သော်လည်း၊ **ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။**...ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီး အသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် **ခပ်သိမ်းသော ငါတို့၏အပြစ်များကို** သူ့အပေါ်၌ တင်တော်မူ၏။ **ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍** နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသော

> သိုးသငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မ မြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ ဟေရှာယ ၅၃း၄၊ ၆၊ ၇

> ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ယောက်တို့ကို ခေါ်သွား၍၊ နှလုံးစိတ်ပူပန်ခြင်းသို့ ရောက်တော်မူ၏။ ယေရှုက၊ **ငါသည် သေလောက်အောင် စိတ်နှလုံး အလွန်ညှိုးငယ်ခြင်းရှိ၏။** ဤအရပ်၌ ငါနှင့် အတူစောင့်၍ နေကြလော့ဟု တပည့်တော်သုံးယောက်တို့အား မိန့်တော်မူ၏။ ရှင်မဿဲခရစ်ဝင် ၂၆း ၃၇၊ ၃၈

မတရားသောသူတို့၏ သေဆုံးခြင်းသည်လည်း ထိုကဲ့သို့ လွန်စွာဆင်တူနေမည် ဖြစ်သည်။

> အကယ်စင်စစ် သူတို့သည် ချောင်း၍ ကြည့်လျက်၊ နေကြစဉ် မိမိတို့ **နှလုံးကို မီးဖိုကဲ့သို့** ပြင်ဆင်ကြပြီ။ သူတို့မုန့်သည် တညဉ့်လုံးအိပ်သော်လည်း နံနက်အချိန်၌ **တောက်သောမီးကဲ့သို့ လောင်လျက်ရှိ၏။**
>
> ဟောရှေအနာဂတ္တိကျမ်း ၇း၆

> ထိုအခါ၊ နေ၊ လ၊ ကြယ်နက္ခတ်တို့၌ ပုပ္ပနိမိတ်ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်း **လူအမျိုးမျိုး မငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း၊** သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊ မြေကြီးပေါ်မှာ ဖြစ်လတံ့သောဘေးများကို မြော်၍ ကြောက်လန့်သဖြင့်၊ လူများတို့၏ အသက်ဆုံးခြင်းအမှု အရာတို့သည် ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်။ ရှင်လုကာခရစ်ဝင်။ ၂၁း၂၅၊ ၂၆

ခရစ်တော်အပေါ် သစ္စာဖေါက်ဖို့ ယုဒ၏နှလုံးသားထဲသို့ စာတန်ဝင်ရောက်ခဲ့သည်ကို ထောက်ရှုခြင်းဖြင့် ခရစ်တော်အား ခန္ဓာနာကျင်စေသူမှာ ဘုရားသခင် မဟုတ်ပဲ၊ စာတန်ပင် ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရပါသည်။ (လုကာ ၂၂း၃-၄၊ ယောဟန် ၁၃း၂၁ -၂၇)။ "သေခြင်းတရားကို အစိုးရ"သောသူမှာ စာတန်ပင်ဖြစ်သည် (ဟေဗြဲ ၂း၁၄)။ အကြောင်းမှာ သူသည် သေခြင်းတရား၏မူပိုင်ရှင်ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်စင်စစ်၊ ဘုရားသခင်၏ သန့်ရှင်းသောပညတ်အလင်းရှေ့၌ မိမိတို့၏အပြစ်များအားဖြင့် ပျက်စီးမည့်သူများ တွေ့ကြုံရမည့်သေခြင်းကား ခရစ်တော် တွေ့ကြုံခဲ့ရသည့် သေခြင်းနှင့် လုံးဝထပ်တူကျနေပါသည်။ ထိုသေခြင်းမျိုးကို အဘယ်သူမျှ တွေ့ကြုံစရာအကြောင်းမရှိစေခြင်းငှါ အဦးဆုံးသောသူအဖြစ် ထိုသေခြင်းဖြင့် ခရစ်တော်အသေခံတော်မူခဲ့လေသည်။ ခရစ်တော်၏ အသေခံခြင်းနှင့် ထိုမတရား သောသူတို့၏ သေဆုံးခြင်းတို့၏

တစ်ခုတည်းသော ကွာခြားချက်ကား၊ ဆာလံ ၁၆း ၁၀-၁၁ ကို ယုံကြည်လျက် ခရစ်တော်သည် ခမည်းတော်၏ဂရုဏာတော်ကို ယုံကြည်ခြင်းအားဖြင့် ကိုင်ဆုပ်ထားနိုင်ခဲ့ပြီး၊ ထိုသို့သောအားဖြင့် အပြစ်တရားက သူ့အား ခမည်းတော်ထံမှ မကွာစေနိုင်ပါချေ။

> အကြောင်းမူကား၊ ကိုယ်တော်သည်အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏ သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူဘဲလျက်၊ အသက်ရှင်ခြင်းလမ်းကို ပြညွှန်တော်မူ လိမ့်မည်။ မျက်နှာတော်ကို ဖူးမြင်ရသောအားဖြင့် ဝမ်းမြောက်သော စိတ်နှင့် အကျွန်ုပ်ကို ပြည့်စုံစေတော်မူလိမ့်မည်။ တမန်တော် ၂း၂၇-၂၈

ကျွန်ုပ်တို့အပေါ်သို့ ကိုယ်အပြစ်များ လွှမ်းမိုးဖိစီးလာပြီး မှောင်မိုက်ထဲသို့ ကျွန်ုပ်တို့ ရောက်ရှိသွားကြသောအခါ ဘုရားသခင့်ဂရုဏာတော်၌ ယုံကြည်နိုင်သည့် ဤယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့အား ယေရှုကမ်းပေးတော်မူသည်။ လောက၏စိတ်နှလုံးမာကြောခြင်း(မိုက်မဲခြင်း)အရာကို ဤနေရာတွင် ယေရှုအောင်နိုင်ခဲ့လေသည်။ တဖက်တွင် အပြစ်သားက၊ ကွဲကွာခြင်းအမှုပြီးပြည့်စုံပြီး မိမိဝိညာဉ်ကို မရဏာနိုင်ငံ၌ ဘုရားသခင် ပစ်ထား*တော်မူမည်* ဟု ယုံကြည်လေသည်။

## ဘုရားသခင်နှင့်ဆိုင်သော မီးအဆင်းသဏ္ဌာန်

ယေရှုခံစားရသော ကာယဝေဒနာနှင့် ဝိညာဉ်ဏဝေဒနာတို့သည် အရင်းအမြစ်နှင့် လမ်းကြောင်းအပေါ်အခြေခံသည့် ဘုရားသခင်၏စံချိန်နှင့် ညီညွတ်မှုရှိသည်။

> မေတ္တာချင်းထုံးဖွဲ့၍၊ **ခမည်းတော်ဘုရား(အရင်းအမြစ်)နှင့် ခရစ်တော် (လမ်းကြောင်း)၏** နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍၊ စိတ်နှလုံးသက်သာစေမည် အကြောင်း အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ ငါအလိုရှိ၏။ **ထိုနက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏။** ကောလောသဲ ၂း၂၊ ၃

> **<u>အကြင်ဘုရားသခင်</u>**အထဲက ခပ်သိမ်းသော အရာဖြစ်၍၊ အကြင်ဘုရားသခင်အဘို့အလိုငှါ ငါတို့သည် ဖြစ်ကြ၏။ **ထိုခမည်းတော်ဘုရားသခင် (အရင်းအမြစ်) တပါးတည်းသာ** ငါတို့၌ ရှိတော်မူ၏။ အကြင်သခင် အားဖြင့်

ငါတို့မှစ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏။ **ထိုသခင်ယေရှုခရစ် (လမ်းကြောင်း) တပါးတည်းသာ** ငါတို့၌ရှိတော်မူ၏။ ကောရိန္သုဩဝါဒ စာပဋ္ဌမစောင် ၈း၆

ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏။ **ထိုသားတော်(ယေရှု) သည် ဘုရားသခင်၏ ဘုန်းတော် ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍၊**........ ဟေဗြဲဩ ဝါဒစာ ၁း၁-၃

မျက်မြင်မရသော ဘုရားသခင်၏သဏ္ဍာန်သည် ငါတို့သခင်ယေရှုခရစ်တည်းဟူသော သားတော်အားဖြင့် ပေါ်လွင်ထင်ရှား၏။ ဘုရားသခင် ဖြစ်ပွားစေသောသူ ဖြစ်သည်နှင့်အညီ ခရစ်တော်သည် မိမိခမည်းတော်၏ဘုန်းတော်ကို ထင်ဟချီးမြောက်တော်မူ၏။ ဤဆက်စံရေးပုံစံကိုကြည့်ခြင်းဖြင့် ခရစ်တော်၏ ကာယ (မြင်ရသော)ဝေဒနာနှင့် ဝိညာဉ်ဏ(မျက်မြင်မရသော)ဝေဒနာတို့၏ ဆက်စပ်ပုံကို ကျွန်ုပ်တို့ ပိုမိုနားလည်သဘောပေါက်နိုင်သည်။ အချုပ်အားဖြင့်ဆိုရသော်၊ ခရစ်တော်ခံစားခဲ့ရသည့်ဝေဒနာ၏ အရင်းအမြစ်မှာ သူ၏ ကာယပိုင်းနာကျင်မှုကြောင့် မဟုတ်ပဲ အပြစ်ကြောင့်သာဖြစ်သည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ ကားတိုင်ပေါ်တွင် ခံစားခဲ့ရသည့် ကာယပိုင်းဆိုင်ရာကွပ်မျက်ခံရခြင်းကြောင့်မဟုတ်ပဲ မိမိ၏ စိတ်ဝိညာဉ်ကို ကျေမွသွားစေခဲ့သည့် အပြစ်ဝန်ထုပ်ကြောင့် ခရစ်တော်သေဆုံးခဲ့ခြင်းဖြစ်သည်။ ခရစ်တော်အလျင်အမြန် အသက်တော်စွန့်ခဲ့ခြင်းအပေါ် ပိလမင်း အံ့အားသင့်ခဲ့ရပါသည်။ ထိုမျှလောက်သောအချိန်ကလေးနှင့် ကာယပိုင်း မသေဆုံးသင့်ပါချေ။ (မဿဲ ၁၅း၄၄ ကိုကြည့်ပါ)။ ယေရှုသေဆုံးချိန်တွင် သူ့ဘေးတစ်ဖက်တစ်ချက်တွင်ရှိသော အကျဉ်းသားနှစ်ဦးတို့ မသေဆုံးကြသေးပါချေ။ သို့ဖြစ်၍ သူတို့အလျင်အမြန်သေဆုံးနိုင်ရန် သူတို့၏ခြေများကို ရိုက်ချိုးပေးခဲ့ရလေသည် (ရှင်ယောဟန် ခရစ်ဝင် ၁၉း၃၁-၃၃။

ထိုကာယဝေဒနာကား စိတ်ဝိညာဉ်နာကျင်ခံစားရမှု၏ ဖေါ်ပြချက်တစ်ခုသာဖြစ်သည်။ ထို့ကြောင့် ဒုတိယသေခြင်းကို တွေ့ကြုံမည့်သူတို့သည် မေတ္တာနှင့်ကွဲယ်ဝသော ခမည်းတော်နှင့် သားတော်၏ရှေ့မှောက်တော်တွင် ကိုယ်အပြစ်များ ကျွမ်းလောင်ခံရခြင်းဖြင့် ဝိညာဉ်ဏဝေဒနာ(စိတ်ဝိညာဉ်နားခြင်းဝေဒနာ)ကို သူတို့ခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့်

ဝိညာဉ်ဏာဝေဒနာသည် အပြစ်ရှိသည့်ခံစားမှုက လာပြီး၊ ကာယဝေဒနာမှုကား စာတန်၏ အမျက်ဒေါသကို ထင်ဟစေသည့် ပေါ်လွင်ထင်ရှားမှုတစ်ခုဖြစ်သည်။

ဓမ္မဟောင်းခေတ် ယဇ်ပူဇော်ခြင်းများတွင်လည်း ဤအရာကို ရုပ်လုံးဖော်ပြပေးထားသည်။ အပြစ်သားသည် ယဇ်ကောင်ကို ကိုယ်တိုင်သတ်ရပြီး ထိုယဇ်ကောင်ကို ယဇ်ပလ္လင်တွင် လောင်ကျွမ်းစေရပါသည်။ နာခြင်းဝေဒနာနှင့် သေခြင်းတရားတို့၏ အရင်းအမြစ်ကား ယဇ် ကောင်ကိုလောင်ကျွမ်းသောမီး မဟုတ်ပဲ အပြစ်ရှိသည့်ခံစား မှုကိုတွေ့ကြုံခံစားရသည့် အတွေ့အကြုံသာလျှင်ဖြစ်ကြောင်း ဤပုံဆောင်မှုက ပြသထားပေးသည်။ ခရစ်တော်အား ကွပ်မျက်ခဲ့သည့်အရာမှာ မိမိအပြစ်ပင်ဖြစ်ကြောင်းကို အပြစ်မဲ့ယဇ်ကောင်အပေါ်၌ ကိုယ် အပြစ်များကို ဝန်ချခြင်းနှင့် ၎င်းအား ကိုယ်လက်ဖြင့် ကိုယ်တိုင်ကွပ်မျက်ခြင်းအမှုအားဖြင့် အပြစ်သားက နားလည်သ ဘောပေါက်ရပါသည်။ မိမိသည် မီး၌ရှိတော်မမူကြောင်းကို ဧလိယအား ဘုရားသခင်မိန့်ခဲ့သည်ကိုလည်း ကျွနုပ်တို့သိရှိကြပါသည်။

> နှုတ်ကပတ်တော်ကလည်း ထွက်လေ၊ ထာဝရဘုရား ရှေ့တောင်ပေါ် မှာရပ် နေလော့။ ထာဝရဘုရား ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီး သောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက် တို့ကိုချိုးဖဲ့၏။ သို့ရာတွင်ထာဝရဘုရားသည် လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ရှားခြင်း၌လည်း ရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာ **မီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ၊** မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။ ဓမ္မရာဇဝင် တတိယစောင် ၁၉း၁၁၊ ၁၂

သို့ရာတွင်၊ သိနာတောင်သို့ ဣသရေလလူမျိုးများ ရောက်သွားခဲ့စဉ်အခါက ဘုရားသခင်၏ ဘုန်းတော်ကို လောင်သောမီး အသွင်ဖြင့် သူတို့တွေ့မြင်ခဲ့ရကြသည်။

> ထာဝရဘုရား၏ ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာ **လောင်သောမီး ကဲ့သို့ ထင်၍၊ <u>ဣသရေလ အမျိုးသားတို့သည် မြင်ရကြ၏။</u>** ထွက်မြောက်ရာ ၂၄း၁၇

ဘုရားသခင်အပေါ် ထားရှိသည့် မိမိတို့၏ မှားယွင်းသောအမြင်တို့ဖြင့် သူတို့ လှည့်ဖြား ခံထားရပြီး သူတို့နှလုံးသားထဲတွင် ကြောက်စိတ်များဖြစ်ပေါ်လာကာ နောက်ဆုံးတွင် တော ထဲ၌ သူတို့သေကျေပျက်စီးသွားခဲ့ရသည်(တောလည်ရာ ၁၄း၂၀-၂၉)။ သို့ဖြစ်၍ လောင် သောမီးကား တရားစီရင်ခြင်းအပေါ်ထားရှိသည့် အပြစ်သား၏သဘောထားတုန့်ပြန်မှု

တစ်ခုပင်ဖြစ်ပေသည်။ မီး၌ ဘုရားသခင် ရှိတော်မမူပါ။ သို့ရာတွင် ဘုရားသခင်၏ တည်ရှိခြင်းအရာသည် အပြစ်သား အထဲ၌ရှိသည့်အမျက်ဒေါသကို မီးကဲ့သို့ ထင်ရှားပေါ်လွင်စေသည်။ အပြစ်သည် ပညတ်တရားအားဖြင့် ထင်ရှားခြင်းရှိပြီး အပြစ်သားကို သေစေသည်။

> အထက်ကပညတ်တရားမရှိသဖြင့်၊ ငါသည် အသက်ရှင်၏။ ပညတ်တရားပေါ်သောအခါ အပြစ်တရားသည် ရှင်ပြန်၏။ ငါလည်းသေ၏။ **အသက်ရှင်ခြင်းနှင့်ဆိုင်သော ပညတ်တရားသည် သေခြင်းနှင့်ဆိုင် သည်ကို ငါတွေ့၏။** အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့် ရလျှင်၊ ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို သတ်လေ၏။ ရောမသြဝါဒစာ ၇း၉-၁၁

လောကကမ္ဘာတစ်ခုလုံး၏ အပြစ်များကို ဖော်ပြပေးသော နှုတ်ကပတ်တော်ဓါးအားဖြင့် ကားတိုင်ပေါ်တွင် ခရစ်တော်သေဆုံးခဲ့ရပါသည်။ ထိုဓါးကို မိမိအပေါ်သို့ သူထမ်းရွက်ပေးတော်မူခဲ့လေသည်။

> ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ **အသက်နှင့် စိတ်ဝိညာဉ်ကိုင်၎င်း၊** အရိုးဆစ်နှင့် ခြင်ဆီကိုင်၎င်း **ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။** စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ ဟေဗြဲသြဝါဒစာ ၄း၁၂

> ငါ့စကားကိုကြားသောသူသည် မယုံကြည်ဘဲနေလျှင် **ထိုသူကို ငါသည် အပြစ်မစီရင်။** လောကီသားတို့ကို အပြစ်စီရင်အံ့သောငှါ ငါလာသည်မဟုတ်၊ လောကီသားတို့ကို ကယ်တင်အံ့သောငှါငါလာ၏။ ငါ့ကိုပယ်၍ ငါ့စကားကိုနာမခံသောသူအားအပြစ်စီရင်သောသူရှိသေး၏။ **ငါဟောပြောသောစကားပင်နောက်ဆုံးသောနေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။** ယောဟန် ၁၂း၄၇၊ ၄၈

ထို့အတူပင်၊ နှစ်ပေါင်းတစ်ထောင်အဆုံးတွင် မတရားသောသူတို့သည် ဘုရားသခင်၏အံ့ဖွယ်ရာစာရိတ္တတော်ရှေ့တွင် မိမိတို့၏အပြစ်သဘာဝကို အပြည့်အဝ နားလည်သဘောပေါက်ရကြမည်ဖြစ်ပြီး စိတ်ဝိညာဉ်နာခြင်းဝေဒနာအားဖြင့် သူတို့ ပျက်စီးကြရလိမ့်မည်ဖြစ်သည်။ သူတို့၏ကိုယ်ခန္ဓာများကို မီးကျွမ်းလောင်ခြင်းဖြင့် ထိုအမှုအရာ ပေါ်လွင်ထင်ရှားခြင်းရှိလိမ့်မည်ဖြစ်သည်။ သူတို့အထဲ၌ရှိသည့် အပြစ်ရှိသည့်ခံစားမှုများနှင့် သူတို့စိတ်ဝိညာဉ်၌ ကျွမ်းလောင်သောမီးတို့သည် မျက်မြင်ရသောမီးအားဖြင့် ပေါ်လွင်ထင်ရှားရလိမ့်

မည်ဖြစ်သည်။ ထိုမီး၏ တိုက်ရိုက်အရင်းအမြစ်ကား ဘုရားသခင်မဟုတ်ပဲ၊ ဘုရားသခင်၏ ချစ်ဖွယ်သောစာရိတ္တတော်အပေါ် တုန့်ပြန်လိုက်သည့် အပြစ်ရှိသည့်တုန့်ပြန်မှုပင်ဖြစ်ကြောင်း ဤအချက်က အတည်ပြုပေးပါသည်။

မတရားသောသူများအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းအမှုတွင် ဘုရားသခင် အား ကွပ်မျက်သောသူအဖြစ် နှုတ်ကပတ်တော်မှ ပုံဖေါ်ထားရခြင်း၏ ရည်ရွယ်ချက်ကား ခမည်းတော်အပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ လွဲချော်နေသည့်အမြင်များကို ဖေါ်ထုတ်ဖို့နှင့် ကျွန်ုပ်တို့အား နောင်တလမ်းထဲသို့ ပို့ဆောင်ပေးဖို့ဖြစ်သည်။

နှစ်ပေါင်းတစ်ထောင် အဆုံးတွင် မတရားသောသူများအား "အပြစ်စီရင်ရာထ မြောက်ခြင်း" (ယောဟန် ၅း၂၉) သို့ ဝင်စားစေအံ့သောငှါ ခရစ်တော်သည် ကြောက်မက်ဖွယ်ကြီးကျယ်ခမ်းနားမှုများနှင့်တကွ ဆင်းသက်တော်မူမည်ဖြစ်ပြီး သူတို့ကို သင်္ချိုင်းများမှ ခေါ်ထုတ်တော်မူမည်ဖြစ်သည် (ဗျာဒိတ်ကျမ်း ၂ဝး၅)။ သင်္ချိုင်းတွင်းသို့ ဆင်းသက်ခဲ့ကြသည့် အရင်စိတ်သဘောမျိုးနှင့်သာ သင်္ချိုင်းမှ သူတို့ ပြန်ထလာကြမည်ဖြစ်သည်။ ခရစ်တော်အပေါ် ရန်ညိုးဖွဲ့ခြင်းနှင့် ပုန်ကန်ခြင်းစိတ်သဘောများနှင့်သာ သူတို့ ပြန်ထလာကြမည်။ ခရစ်တော်သည် "**မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက်**၊ ကောင်းကင်တမန် အခြံအရံတို့နှင့် ကြွလာတော်မူလတံ့။ ထိုအခါ သူအသီးသီးကျင့်သောအကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။"( ရှင်မဿဲ ၁၆း၂၇)။ အစပိုင်းတွင် မတရားသောသူတို့သည် ဤဘုန်းအာနုဘော်၏ အပြင်ပိုင်းထင်ရှားခြင်းကိုသာ တွေ့မြင်ရကြမည် ဖြစ်ပြီး၊ ဘုရားသခင်၏ ဘုန်းအာနုဘောကို သိနာတောင်၌ ဣသရေလလူများ အသိအမှတ်ပြုဝန်ခံခဲ့သည်နည်းတူ ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို သူတို့ဝန်ခံကြရလိမ့်မည်ဖြစ်သည်။ ဘယ်အခါ ဘယ်နေရာတွင်မျှ သူတို့နှုတ်က ပြောမထွက်ဖူးသည့် စကားလုံးများတို့ဖြင့် ထိုဘုန်းအာနုဘော်ကို မိမိတို့နှုတ်မှ သူတို့ ဝန်ခံကြလိမ့် မည်ဖြစ်သည်။

> ကျမ်းစာလာသည်ကား၊ ငါအသက်ရှင်တော်မူသည်ဖြစ်၍၊ ငါ့ရှေ့၌ လူတိုင်းဒူးထောက်ရမည်။ ဘုရားသခင်အား လူတိုင်းမိမိနှုတ်နှင့် သစ္စာခံရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ရောမဩဝါဒစာ။ ၁၄း၁၁

သို့ရာတွင် ဤဝန်ခံခြင်းသည် နောင်တစိတ်ဖြင့်ဝန်ခံခြင်းမျိုးမဟုတ်ပါ။ ထိုအချိန်တွင် သူတို့အဖို့ ဂရုဏာတော်မရှိတော့ပြီး။ ထိုသို့မရှိရခြင်းအကြောင်းကား ဘုရားသခင်ဘက်မှ သူတို့အား ခွင့်မလွှတ်နိုင် (သို့) ခွင့်မလွှတ်လိုသောကြောင့် မဟုတ်ပဲ၊ စစ်မှန်သည့်နောင်တတရားမျိုး မရနိုင်တော့သည်တိုင်အောင် ဘုရားသခင်အစား မိမိတို့၏အပြစ်များကို သူတို့

အဆက်မပြတ် ရွေးချယ်ဖက်တွယ်ထားသောကြောင့်ဖြစ်သည်။ သူတို့အား ဒုတိယအကြိမ် အခွင့်အရေးထပ်ပေးမည်ဆိုလျှင်လည်း ရှေးကနည်းတူပင် ဘုရားသခင်၏ပညတ်တော်နှင့် စီရင်ထုံးဖွဲ့ချက်များကို သူတို့ ရှောင်ဖယ်ကြလိမ့်မည်ဖြစ်ပြီး ဘုရားသခင်အား အားပါးတရနှင့် သူတို့ ဆန့်ကျင်ပုန်ကန်ကြလိမ့်မည်ဖြစ်သည်။

ကယ်တင်ခံသူတို့ရှိရာ ယေရုရှလင်မြို့သစ်တည်းဟူသော ရွှေမြို့တော်ကြီးထဲသို့ ကျူးကျော်ဝင်ရောက်စေခြင်းငှါငင်း၊ ခရစ်တော်အပေါ် ထားရှိသည့် မိမိ၏မုန်းတီးခြင်းစိတ်သဘောကို သူတို့၌ သွတ်သွင်းပေးခြင်းငှါငင်း စာတန်သည် မတရားသောသူများအား အယုံသွင်းဖြားယောင်းလိမ့်မည်ဖြစ်သည်။ ထိုစစ်တပ်ကြီးတွင်ပါဝင်ကြသည့် မရေတွက်နိုင်သောစစ်သည်များတို့သည် ထိုမြို့၏ ပွင့်နေသောဂိတ်တံခါးများကိုပမာမပြုပဲ ယင်းမြို့တော်ကြီးကို သိမ်းပိုက်ခြင်းအလိုငှါ ကိုယ်ကို ပြင်ဆင်ကြလိမ့်မည်ဖြစ်သည်။ သူတို့ဘယ်အခါမျှ နောင်တရကြမည်မဟုတ်ကြောင်းကို မိမိတို့အပြုအမူအားဖြင့် သူတို့အပြည့်အဝသက်သေထူကြမည်ဖြစ်သည်။

ဆန့်ကျင်ပုံကန်သည့်စိတ်သဘောနှင့်တကွ စာတန်နှင့် သူ့အပေါင်းအပါရှိသမျှတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်နှင့် ပေါင်းစပ်မရနိုင်သည့် အခြေအနေတစ်ခုတွင် နေရာချထားကြပြီး ဘုရားသခင်၏ စစ်မှန်သောစာရိတ္တတော်တည်းဟူသော ထိုသခင်၏မျက်မှောက်တော်သည် သူတို့အဖို့ လောင်သောမီးဖြစ်လိမ့်မည်ဖြစ်သည်။ တရားဟောရာကျမ်း ၄း၂၄ ကို ကိုးကားလျက် “ငါတို့ဘုရားသခင်သည် လောင်သောမီး ဖြစ်၏” ဟု ရှင်ပေါလု ရေးထားခဲ့လေသည် (ဟေဗြဲသြဝါဒစာ ၁၂း၂၉)။ ထိုသူတို့အား ဖျက်ဆီးမည့်အရာမှာ ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ဘုရားသခင်၏ ဘုန်းပေတည်း။ သို့ရာတွင် ဘုရားသခင်၏ ဘုန်းတော်ကားအဘယ်နည်း။

> တဖန်တုံ၊ ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အား ပြတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု (မောရှေ) လျှောက်လျှင်၊ ထာဝရဘုရားက ငါ၏ **ကောင်းမွန်ခြင်း**ရှိသမျှကို သင့်ရှေ့၌ ငါရှောက်သွားစေမည်။ <u>ထာဝရဘုရား၏နာမတော်(စာရိတ္တတော်)</u>ကိုလည်း၊ သင့်ရှေ့၌ ငါကြွေးကြော်မည်။ ငါသည် ကျေးဇူးပြုလိုသောသူကို **ကျေးဇူးပြု**မည်။ သနားလို သောသူကိုလည်း **သနား**မည်။ ထွက်မြောက်ရာကျမ်း ၃၃း၁၈၊ ၁၉
>
> ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့် ဆင်းသက်၍၊ ထိုအရပ်၌ မောရှေ အနားမှာရပ်လျက်၊ ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။ ထာဝရ

ဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ **ချစ်သနားခြင်း မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထ သော**၊... ထွက်မြောက်ရာကျမ်း ၃၄း၅၊ ၆

ဘုရားသခင်၏ဘုန်းကား ထိုသခင်၏ မေတ္တာနှင့်ပြည့်စုံသောစာရိတ္တတော်ပေတည်း။ မတရားသောသူများအား လောင်ကျွမ်းသောအရာကား ဘုရား၏ ကောင်းမြတ်ခြင်းတည်းဟူသော ထိုသခင်၏ စုံလင်သောမေတ္တာသဘောပေတည်း။ ဘုရားသခင်၏ သန့်ရှင်း၍ ဂရုဏာနှင့်ပြည့်ဝသောစာရိတ္တတော် ပေါ်လွင်ထင်ရှားခြင်းအရာသည် အပြစ်၏ သဘောသဘာဝကို ဖေါ်ထုတ်ပြသပေးပြီး ထိုအပြစ်၏ ဖျက်စီးတတ်သည့် ပင်ကိုယ်လက္ခဏာကို အပြည့်အဝ ထုတ်ဖေါ်ပြပေးပါသည်။ ရောမဩဝါဒစာ ၁၂း၁၉၊ ၂၀ ကိုဖတ်ပါ။

ချစ်သူတို့၊ သူတပါးသည်သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါ ဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့် သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဘို့ ပေးလော့။ ထိုသို့ပြုလျှင်။ **သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။**

ဤကျမ်းစာချက်ကို အဘယ်မည်သော အဓိပ္ပါယ်ဖြင့် ကျွန်ုပ်တို့ဖတ်ရှုကြသနည်း။ ရန်သူအပေါ် အပြစ်တုံ့ပြန်ခြင်းသည် ထိုရန်သူ၌ သက်ရောက်မည့် ဘုရားသခင်၏ အပြစ်တုံ့ပြန်ရသောအခွင့်ကို လုယူရာရောက်သောကြောင့် ရန်သူအား အပြစ်မတုံ့ကြဖို့ ကျွန်ုပ်တို့အား ဘုရားသခင်သွန်သင်နေခြင်းပါလော။ ကျွန်ုပ်တို့ပြုမည့် မကောင်းမှုတစ်စုံတစ်ရာကို ဘုရားသခင်ကိုယ်တော်တိုင် ပြုတော်မူသောအခါ ရုတ်ချည်းဆိုသလို ထိုမကောင်းမှုက ကောင်းမှုဖြစ်သွားသလော။ ဤအတွေးကား ကျွန်ုပ်တို့ လူသားများ၏ အတွေးပင်ဖြစ်ပေသည်။ ကျမ်းစာပြောသည်မှာ “ဘုရားသခင်၏ အကြံအစည်သည် ငါတို့၏အကြံအစည်ထက် သာ၍မြင့်၏။” ဟူ၍ဖြစ်ပါသည်။ (ဟေရှာယ ၅၅း၈၊၉)။ မိမိအပေါ် မကောင်းပြုသူများကို အကောင်းဖြင့်သာ တုံ့ပြန်ကြဖို့ ကျွန်ုပ်တို့အား အကြံပေးထားသည်ဖြစ်ရာ၊ ဘုရားသခင်၏ အပြစ်တုံ့မှုနှင့် သူ၏အမျက်တော်တို့သည် ထိုအကြံပြုချက်နှင့် ဆန့်ကျင်နေပါလိမ့်မည်လော။ သို့ဖြစ်လျှင်၊ မိမိကိုယ်တော်တိုင် ပြုတော်မမူသောအမှုကို ကျွန်ုပ်တို့အား ဘုရားသခင် ပြုစေရာရောက်ပေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ကား ကိုယ်အမျက်ဒေါသကို

ချုပ်တည်းဖို့လိုပြီး၊ ဘုရားသခင်မူကား မိမိစိတ်အထင်ရှိသည်အတိုင်း မိမိအမျက်တော်ကို အခွင့်ပေးနိုင်သည် ဟူသည့်အဓိပ္ပါယ်မျိုး သက်ရောက်ပေလိမ့်မည်။ ကိုယ်ကို မုန်းသော သူတို့အား မေတ္တာပြကြရန် ကျွန်ုပ်တို့ကို ဘုရားသခင်အလိုတော်ရှိကြောင်းနှင့် ထိုသို့ပြု ခြင်းဖြင့် ငါတို့သည် ဘုရားသခင်၏အလိုတော်နှင့် စာရိတ္တတော်တို့ကို ဖေါ်ဆောင်သော ဘုရား၏သားသမီးများဖြစ်သည်ကို ငါတို့ ပြသကြကြောင်း ယေရှုမိန့်တော်မူပေသည်။

> တောင်းသောသူအားပေးလော့။ ချေးငှါးလိုသောသူကိုလည်း မငြင်းမ ပယ်နှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကို မုန်းလော့ ဟူသောပညတ် စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ **သင် တို့သည် ကောင်းကင် ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လို သောငှါ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသော သူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက် ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ အကြောင်းမူ ကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည်၊ ကောင်းသောသူ မကောင်းသောသူ တို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူတို့ အပေါ်၌ မိုဃ်းကို ရွာစေတော် မူ၏။** သင်တို့ကို ချစ်သောသူတို့အားသာ ချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူး တင်သနည်း။ အခွန်ခံသူတို့ပင် ဤမျှလောက်ပြုကြသည် မဟုတ်လော။ အ ဆွေအမျိုးတို့အားသာ လောကဝတ်ပြုလျှင် အဘယ်သို့ထူးမြတ်သနည်း။ သာ သနာပလူတို့ပင် ထိုအတူ ပြုကြသည်မဟုတ်လော။ ထို့ကြောင့် ကောင်းကင် ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင် တော်မူသည်နည်းတူ သင်တို့ သည်လည်း စုံလင်ခြင်းရှိကြလော့။ ရှင်မဿဲခရစ်ဝင် ၅း၄၂-၄၈

ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါတို့အဘ၏ စုံလင်ခြင်းသည်ကား ကိုယ်ကို ကောင်းစွာ ဆက်ဆံသောသူများကိုသာ ချစ်တုံ့ပြန်ရခြင်းထက် ပိုပါသည်။ ထိုစုံလင်ခြင်းအကြောင်းကို လုကာ ဖေါ်ပြထားလေသည်မှာ၊

> သင်တို့မူကား ရန်သူတို့ကိုချစ်ကြသလော။ ကျေးဇူးပြုကြလော့။ တစုံတခုကို ရမည်ဟု မြော်လင့်ခြင်းမရှိဘဲ ချေးငှါးကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုး ကြီးလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏ သားဖြစ်ကြလိမ့်မည်။ <u>ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသော သူတို့အားကျေးဇူးပြု</u>

<u>တော်မူ၏။</u> **ထိုကြောင့် သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်း တူ သင်တို့သည်လည်း သနားခြင်း စိတ်ရှိကြလော့။** လုကာ ၆း၃၅၊ ၃၆

ကိုယ်ရန်သူတို့အား ချစ်တုံ့ပြန်ကြဖို့ ကျွန်ုပ်တို့အားပညတ်တော်မူရာတွင် ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါတို့အဘက မိမိပုံသက်သေအတိုင်း လိုက်လျှောက်ခြင်းအလို့ငှါသာ ငါတို့အား သူဆန္ဒပြုနေခြင်းဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်အပေါ် ထားရှိမိသည့် ငါတို့၏ ဇာတိအမြင်များကို သေချာစွာ ဖယ်ရှားလျက်၊ မတရားသော သူများအပေါ်သို့ သက်ဆင်းသည့် "မီးခဲ"သည် အဘယ်အရာဖြစ်သည်ကို ငါတို့ တဖန်ပြန်ကြည့်ကြပါစို့။

> ချစ်သူတို့၊ သူတပါးသည်သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာ သည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့် <u>*သင်၏ရန် သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာကို ပေးလော့။*</u> **ထိုသို့ပြုလျှင်။ သူ၏ခေါင်းပေါ်၌ <u>မီးခဲ</u>ကိုပုံထားလိမ့်မည်။** ရောမဩဝါဒစာ ၁၂း၁၉၊ ၂၀

ကျွန်ုပ်တို့အား ရန်ဘက်ပြုသောသူနှင့် ကျွန်ုပ်တို့ဘက်က ချစ်သနားခြင်းကို ပြသပေးရသည့် သူ၏ ခေါင်းပေါ်၌ ကျွန်ုပ်တို့ ပုံထားသော မီးခဲကား ရုပ်ပိုင်းဆိုင်ရာ မီးတစ်မျိုးမဟုတ်ပါချေ။ ထိုမီးကား ကြောက်မက်ဖွယ်ကောင်းသော အပြစ်၏ သဘောသဘာဝကို ဘုရားသခင်၏ ချစ်သနားခြင်းကျေးဇူးအားဖြင့် သတိပြုဆင် ခြင်လာမိခြင်းမှ ပေါက်ပွားလာသောမီးပင်ဖြစ်ပေသည်။ ကိုယ်ရန်သူများကို ကျွန်ုပ်တို့ ချစ်သောအခါ သူတို့၏ခေါင်းပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်မီးကို ကျွန်ုပ်တို့ ပုံထားကြပြီး မိမိအမှားကို ပြန်မြင်စေခြင်းငှါ ထိုရန်သူများကို ဝိညာဉ်တော်က ပွဲပြင်ပေးပါသည်။ ဤမီးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ယေရှုပြော ကြားတော်မူပါသည်။

> မြေပေါ်၌ မီးလောင်စေခြင်းငှါ ငါလာသတည်း။ ထိုမီးမညှိမှီတိုင်အောင် ငါ၏ အလိုမပြည့်စုံ။ ဗတ္တိဇံ တခုကိုလည်း ငါခံစရာရှိ၏။ *ရှင်လုကာ ၁၂း ၄၉*

## ဘုရားသခင့်မေတ္တာတော် - အသက်တာ၏မွေးရန့်လော (သို့) မီးနှင့်တူသောညှဉ်းပန်းခြင်းလော

မိမိတို့နှလုံးသားများ၌ ပညတ်တော်အား ရေးသွင်းရမည့်ပုံကို ဖေါ်ပြခြင်းငှါဝင်း၊ မိမိတို့၏ တကိုယ်ကောင်းစိတ်အတွက် လူသားများ ဆင်ခြင်ပေးစရာမရှိစေခြင်းငှါဝင်း စုံလင်သော ကိုယ်ကျိုးစွန့်ပေးဆပ်ခြင်းအသက်ဖြင့် ယေရှု အသက်ရှင်ပြသွားခဲ့လေသည်။ ခမည်းတော်၏ မေတ္တာနှင့်ပြည့်ဝသော စာရိတ္တာအမှန်ကို လောက၌ ပေါ်လွင်ထင်ရှားစေခဲ့ခြင်းဖြင့် လူသားတို့၏ မိမိကိုယ်ကိုလှည့်ဖျားခြင်း အမှုရှိသမျှတို့အား ကျွမ်းလောင်သွားစေမည့် ဝိညာဉ်မီးကို ယေရှု အမှန်တကယ် ထွန်းညှိပေးတော်မူခဲ့လေသည်။ ထိုမီးသည် နောင်တရသောသူတို့၏နှလုံးသားမှ ပွင့်ထွက်အန်ကျလာသည့် အပြစ်ကို လောင်မြိုက်စေသည်နည်းတူ၊ မိမိတို့၏ ကယ်တင်ခြင်းအဖို့အလို့ငှါ အစဉ်အားထုတ်ကြိုးပမ်းပေးသူယေရှုအား ငြင်းပယ်သောသူတို့ကိုလည်း ဘုန်းတော်မျက်နှာတော်ကို ဖူးမြင်ရမည့် နောက်ဆုံးနေ့ကြီးတွင် လောင်ကျွမ်းစေလိမ့်မည်ဖြစ်ပေသည်။

<u>**ငြင်းပယ်သောသူတို့၏ တုံ့ပြန်မှုကား**</u> - မိုဃ်းကောင်းကင်သည် စာစောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှ ရွေ့ကြ၏။ လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌ငင်း၊ တောင်ပေါ်မှာ ရှိသောကျောက်များ၌ငင်း၊ **ပုန်းရှောင်လျက်နေ၍**၊ ထိုတောင်များ၊ ကျောက်များတို့ကို ခေါ်လျက်၊ **ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူ ၏မျက်နှာနှင့် သိုးသငယ်၏ အမျက်တော်ကို ကွယ်ကာ၍၊ ငါတို့ကို ဖုံးအုပ်ကြပါ။ အမျက်တော် ထင်ရှားသောနေ့ကြီး ရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။** ဗျာဒိတ်ကျမ်း ၆း၁၄-၁၇

<u>**လက်ခံသောသူတို့၏ တုံ့ပြန်မှုကား**</u> - လူခပ်သိမ်းတို့ကို ဖုံးသော မျက်နှာဖုံးကိုငင်း၊ ခပ်သိမ်းသောလူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငင်း၊ ဤတောင်ပေါ်မှာ ပယ်တော်မူလိမ့်မည်။ သေခြင်းကိုလည်း နစ်မွန်းဆုံး ရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသည်လည်း၊ ခပ်သိမ်းသော မျက်နှာတို့မှ မျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ ကိုယ်တော်၏လူတို့သည် ခံရသော ကဲ့ရဲ့ခြင်းကိုလည်း၊ မြေကြီးတပြင်လုံး၌ ပယ်ရှင်းတော်မူလိမ့်မည်ဟု၊ ထာဝရဘုရား

အမိန့်တော်ရှိ၏။ ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့ မြော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့ မြော်လင့်သော ထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်း ကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟုဆို ကြလိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း ၂၅း၇-၉ (ဒံယေလအနာဂတ္တိကျမ်း ၁ဝး၅-၇ ကိုလည်း ဖတ်ကြည့်ပါ)

ဒံယေလအနာဂတ္တိကျမ်း ၃ က ဖော်ပြသည့် အလားတူတုံ့ပြန်မှုကို မှတ်ပါလေ။

ဟယ်၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၊ ငါ၏ဘုရားတို့ကို ဝတ်မပြု လော။ ငါတည်ထားသော ရွှေရုပ်တုကို မကိုးကွယ်သလော။... ငါလုပ်သော ရွှေရုပ်တုကို ပြပ်ဝပ်ကိုးကွယ်အံ့သောငှါ အသင့်နေကြ။ သို့မဟုတ်လျှင်၊ **မီးလောင်လျက်ရှိသော မီးဖိုထဲ**သို့ ချက်ခြင်းချပစ်မည်။ ....... ရှင်ဘုရင်၏ အမိန့်တော်ကျပ်တည်း၍ မီးဖိုသည် အလွန်ပူသောကြောင့်၊ ***<u>ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ</u>*** ***<u>တို့ကို ဆွဲချသော သူတို့သည် မီးလျှံအရှိန်ကြောင့် သေကြ၏။</u>***..... ထိုအခါ နေဗုခဒ်နေဇာ မင်းကြီးသည် အံ့သြမိန်းမော၍...... **<u>လူလေးယောက်တို့သည်</u>** **<u>မတုပ် မနှောင်ဘဲ</u> မီးထဲ၌သွားလာ၍ <u>ဘေးဥပဒ်နှင့် ကင်းလွတ်သည်</u>ကို ငါမြင်သည်တကား။ စတုတ္ထသူသည် <u>ဘုရားသား</u>၏ အဆင်းသဏ္ဍာန်ရှိသည်** ဟု မိန့်တော်မူ၍.....စော်ဘွား၊ မြို့ဝန်၊ စစ်ကဲ၊ အတွင်းဝန်တို့သည် ဝိုင်း၍ **မီးမလောင်နိုင်သော ထိုသူတို့**ကို ကြည့်ရှုကြ၏။ **သူတို့ဆံခြည် တပင်မျှ မမြိုက်၊ ဝတ်လုံလည်း ခြားနားခြင်း မရှိ၊ မီးလောင်သောအနံ့ လည်းကင်းလွတ်၏။** ဒံယေလအနာဂတ္တိကျမ်း ၃း၁၄-၂၇

တဖန် ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင်၊ အချို့တို့သည် မိုးခြိမ်းသံကိုကြားရ၍ အချို့ မှာမူ ကောင်းကင်တမန်၏ အသံကို ကြားရသည့်အကြောင်းကို ဖော်ပြထားသည်။

အိုအဘ၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါဟု မိန့်မြွက်တော်မူ၏။ ထိုအခါကောင်းကင်မှ စကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်ဦးမည်ဟုလာ၏။ ဝန်းရံလျက်ရှိသော လူအစုအဝေးတို့ သည်ကြားလျှင် **<u>မိုးခြိမ်း</u>** **<u>ချုန်းသည်</u>**ဟုဆိုကြ၏။ အချို့ကလည်း **ကိုယ် တော်အား ကောင်းကင်တမန် မြွက်သည်**ဟု ဆိုကြ၏။ ရှင်ယောဟန် ခရစ်ဝင် ၁၂း၂၈၊ ၂၉

ကြာပွတ်ကို ဝှေ့ယမ်းလျက် ဗိမာန်တော်အတွင်းသို့ ယေရှုဝင်ရောက်လာခဲ့ပြီး အကျင့် ပျက်ချစားနေကြသော ဘာသာရေးခေါင်းဆောင်များနှင့် ဘုရားသခင်၏ အစစ်အမှန် စာရိတ္တတော်ကို မခန့်မငြားပြုနေကြသည့် လျှို့ဝှက်သောငွေ လဲလှယ်သူရှိသမျှတို့ အား ဗိမာန်တော်ထဲမှ ယေရှုမောင်းထုတ်ပစ်ခဲ့သည့် အကြောင်းကို ရှင်မဿဲ ၂၁း၁၂- ၁၆ နှင့် ရှင်ယောဟန်ခရစ်ဝင် ၂း၁၃ တို့တွင် မဿဲနှင့် ယောဟန် နှစ်ဦးစလုံးတို့က မှတ်တမ်းတင်ထားခဲ့ကြလေသည်။ ထိုဘာသာရေးခေါင်းဆောင်များနှင့် ငွေလဲလှယ် သူများတို့သည် ဘုရားသခင်ကို မိမိတို့ကဲ့သို့သောသူ တစ်ဦးအဖြစ် ပုံဖော်ခဲ့ကြခြင်းဖြင့် လူများ တို့ကို သူတို့လိမ်လည်လှည့်ဖျားခဲ့ကြသောသူများပင်ဖြစ်သည် (ဆာလံကျမ်း ၅၀း၁၆-၂၁)။ ဤအခြေအနေမျိုးမှာပင် ယေရှုဘက်မှ အကြမ်းဖက်သည့်လုပ် ရပ်မျိုး လုပ်ဆောင်တော်မမူခဲ့ပါချေ။ ယေရှုသည် "ပြစ်မှားခြင်းကို မပြု" ကြောင်း ပုရောဖက် ဟေရှာယက ဖော်ပြခဲ့လေသည် (ဟေရှာယအနာဂတ္တိ ကျမ်း ၅၃း၉)။ အဘယ်သူကိုမျှ ယေရှု ရိုက်နှက်တော်မမူခဲ့ပါချေ။ မိမိတို့ကိုယ်ကို မလုံမလဲဖြစ်နေခဲ့ကြသောသူများ ကသာ ကြောက်လန့်ထွက်ပြေးသွားခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့ထိုနေရာ၌ ဖြစ်ပျက်ခဲ့ သည့် ဖြစ်စဉ်အားလုံးကို ကိုယ်တိုင်တွေ့မြင်ခဲ့ရကြသည့် ချစ်စဖွယ်ကလေးသူငယ် များမှာမူ ကြောက်လန့်ခြင်းမရှိပဲ ဘုရားသခင်၏ဂုဏ်တော်ကို အစပြုချီးမွမ်းခဲ့ကြ လေသည်။ ထိုစဉ်မှာပင် ဗိမာန်တော်ထဲ၌ ကျန်ရစ်ခဲ့ကြသော မျက်မမြင်များနှင့် ခြေ မစွမ်းသူ များတို့မှာ ကျန်းမာခြင်းသို့ ရောက်ခဲ့ကြလေတော့သည်။

ကယ်တင်ခံသူတို့၌ကား၊ ဘုရားသခင်၏ အာဂပေ(မေတ္တာနှင့်ပြည့်ဝသော) စာရိတ္တတော် ပေါ်လွင်ထင်ရှားခြင်းအကြောင်းသည် အသက်တာ၏ မွှေးရနံ့ တစ်ခုပင်ဖြစ်ပေသည်။ သို့ရာ တွင် အခြားသောသူတို့၌ကား ဤထင်ရှားခြင်းအရာသည် လောင် သောမီးဖြစ်နေပေသည်။ အပြစ်တရားကို လက်ခံလျက် မိမိတို့သိဖူးသော ဘုန်းအာနုဘော်တော်ကို ကျောခိုင်းငြင်း ပယ်ထားသူများတို့ကို လောင်ကျွမ်းမည့်မီးဖြစ်သည်။ မတရားသောသူများ ခံစားရမည့် ဆင်းရဲခြင်းဒုက္ခ၏ အရင်းအမြစ်ကို ဤနေရာတွင် ပြသထားပေးပါသည်။ လူစီဖာ၏ ကျဆုံးခြင်းအကြောင်းနှင့်ပတ်သက်ပြီး နှုတ်မြွက်တော်မူခဲ့ရာတွင် ဤဝိညာဉ်မီး၏ တည် ရာအရပ်ကို ယေရှု ပြသတော်မူခဲ့ပါသည်။

> သင့်အပြစ်သည်များပြား၍ ကုန်သွယ်ခြင်း အဓမ္မအားဖြင့်၊ သန့်ရှင်းရာဌာနတို့ ကို ညစ်ညူးစေသောကြောင့်၊ **သင့်ကိုမီးရှို့ဘို့ သင့်အလယ်၌ မီးကိုငါညှိမည်။ သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ ငါချထား မည်။ ယေဇကျေလအနာဂတ္တိကျမ်း။** ၂၈း၁၈

မိမိပြုသောဒုစရိုက်အားဖြင့် လူစီဖာ၏နှလုံးသားထဲတွင် ဤမီး အစပြုလာခဲ့လေသည်။ သို့ရာတွင် နှစ်ပေါင်းတစ်ထောင်အဆုံးတွင် ချစ်ခြင်းမေတ္တာနှင့် အလင်းဖြစ်တော်မူသော ယေရှု၏ မျက်မှောက်တော်အားဖြင့် ထိုမီးသည် အပြည့်အဝထင် ရှားခြင်းရှိလိမ့်မည်ဖြစ်သည်။

> ကျွန်မကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ လက်ရုံး တော်ပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ အကြောင်းမူကား၊ **<u>မေတ္တာ</u>**သည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ ခင်ပွန်းကို မယုံသောစိတ်သဘော သည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ <u>သူ၏အရှိန်သည် မီးအရှိန်၊</u> **လျှပ်စစ်အရှိန်ဖြစ်ပါ၏။ သို့ရာတွင်၊ ရေများတို့သည် <u>မေတ္တာ</u>ကို မသတ်နိုင်။ မြစ်ရေတို့သည် မလွှမ်းမိုးနိုင်။** လူသည် မိမိအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို မေတ္တာဘို့ပေးချင်သော်လည်း၊ အလွန်တရာမထီမဲ့ မြင်ပြုခြင်းကို ခံရလိမ့်မည်။
>
> ရှောလမုန်သီချင်း ၈း၆၊ ၇

အကျွန်ုပ်တို့ကောင်းကင်အဘ၏ မျက်မှောက်တော်ထဲကထွက်သည့် မီးကဲ့သို့သော မေတ္တာတော်သည် စာတန်၏ စဉ်းလဲကောက်ကျစ်သော တပ်မက်ခြင်းသဘောရှိသမျှတို့ကို ဖေါ်ထုတ်ပြတော်မူမည်ဖြစ်ပြီး စာတန်နှင့်တကွ အပြစ်အားဖြင့် မိမိတို့ကိုယ်ကို စာတန်နှင့် ချိတ်ဆက်ထားသောသူရှိသမျှတို့ကို ပြာမှုန့်(မြေမှုန့်) အဖြစ်သို့ ကျွမ်းလောင်ပြာကျသွားစေလိမ့်မည်ဖြစ်သည်။

> မတရားသော သူတို့ကိုလည်း နင်းကြလိမ့်မည်။ ထိုသို့ ငါစီရင်သော နေ့ရက်၌ သူတို့သည် သင်တို့ ခြေဘဝါးအောက်၌ မြေမှုန့်ကဲ့သို့ဖြစ်ကြ လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။
>
> မာလခိအနာဂတ္တိကျမ်း ၄း ၃

အဆုံးတွင်၊ ဘုရားသခင်၏မျက်မှောက်တော်သည် ကြောက်မက်ဖွယ်ကောင်းသောမီးကို ကျရှုံးသွားသောခေရုဗိမ်ထဲက ဖေါ်ထုတ်တော်မူမည်ဖြစ်ပြီး ထိုမီးလျှံသည် ထိုခေရုဗိမ်နှင့် တကွ သူ့အားဖက်တွယ်ထားသောသူတို့ကို လောင်ကျွမ်းပြာကျသွားစေလိမ့်မည်ဖြစ်သည်။ ထိုမီးသည် ဘုရားသခင်အထဲက မဟုတ်ပဲ၊ စာတန်အထဲက ထွက်သည်ကို ကျွန်ုပ်တို့ မှတ်မိထားဖို့လိုပေသည်။

မိမိတို့၏ ပုန်ကန်ခြင်းအသက်တာအားဖြင့် မိမိတို့ဆုံးရှုံးလိုက်ရသည့်အရာကို ယခုအခါ

မတရားသောသူများ တွေ့မြင်ရကြပါသည်။ ဘုရားသခင့်သားတော်၏ အုပ်စိုးခြင်းကို မိမိတို့အလိုမရှိကြကြောင်းကို မိမိတို့၏ အသက်ရှင်နေထိုင်မှုပုံစံများအားဖြင့် သူတို့ ထင်ရှား စေခဲ့ကြလေသည်။ ယေရှုကို မေရှိယအဖြစ် ငြင်းပယ်ခဲ့ကြသည့် မယုံကြည်သောဂျူးလူ မျိုးများနည်းတူပင် မတရားသောသူတို့သည် မိမိတို့ကိုယ်ကို ထာဝရအသက်နှင့် ထိုက် တန်ခြင်းမရှိကြောင်းကို ကိုယ်ကိုယ်ကို အဆုံးအဖြတ်ပေးစီရင်ကြပါသည် (တမန်တော် ၁၃း၄၆)။ ခပ်သိမ်းသောအရာတို့ကို ပေါ်လွင်ထင်ရှားစေသည့် ဤမေတ္တာတော်အလင်းရှေ့ တွင် မတရားသောသူတို့သည် စာတန်၏ တဖက်တွင်ရပ်နေကြလိမ့်မည်ဖြစ်ပါသည်။ အ ကြောင်းမှာ စာတန်သည် မိမိတို့၏ကျေးဇူးရှင်မဟုတ်ပဲ မိမိတို့အား သူနှင့်အတူပျက်စီးခြင်း သို့ ရောက်စေခြင်းငှါ မိမိတို့ကိုတွန်းပို့နေသည့်သူတစ်ဦးသာဖြစ်သည်ကို သူတို့သိရှိလာကြ မည်ဖြစ် သောကြောင့်ဖြစ်သည်။ ထိုနေရာမှာပင် ဝိညာဉ်မီးသည် တကယ့်မီးအဖြစ် ထင်ရှား ပေါ်လွင်လာလိမ့်မည်ဖြစ်ပေသည်။ မိမိတို့၏ အတွင်းစိတ်နှလုံးထဲက ပေါက်ကွဲထွက်လာ လျက် စာတန်အပေါ်သို့ သူတို့၏ဒေါသအမျက်များ ကျရောက်လိမ့်မည်ဖြစ်သည်။ ဟေရှာ ယအနာဂတ္တိကျမ်း ၁၄း၁၂-၁၈ က ဖေါ်ပြထားသည်ကား၊

> အိုနံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီ တကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲ ခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါ တက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ ….အမြင့် ဆုံး သောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ သို့သော်လည်း၊ **သင်သည်မရဏာနိုင်ငံ၊ သင်္ချိုင်းတွင်းထဲသို့ နှိမ့်ချခြင်းကို ခံရလေပြီ။ သင့်ကို မြင်သောသူတို့သည် စေ့စေ့ကြည့်ရှု၍ ဆင်ခြင်ပြီးလျှင်၊ မြေကြီးကို တုန်လှုပ် စေ၍၊ တိုင်းနိုင်ငံများကို လှုပ်ချောက်သောသူကား ဤသူလော။ လောကီနိုင်ငံ ကို <u>တောာ</u>ကဲ့သို့ဖြစ်စေ၍၊ မြို့များကို ဖျက်ဆီးသောသူ၊ အချုပ်ခံရသောသူတို့ကို မိမိနေရာ သို့ တဖန် မလွှတ်သောသူကား ဤသူလော။** အပြည်ပြည်သောရှင် ဘုရင်အပေါင်းတို့သည် အသီးအသီး မိမိတို့စေတီ၌ ဘုန်းအသရေနှင့် အိပ်ကြ ၏။

> သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်(စာတန်) သည် ကိုယ်ကို ဘုရားသခင်ကဲ့သို့ ထင်မှတ်သောကြောင့်၊ ကြောက်မက် ဘွယ်သော **တကျွန်းတနိုင်ငံသားတို့**ကို သင်ရှိရာသို့ ငါပို့ဆောင်သဖြင့်၊ **<u>သူတို့သည်</u> သင်၏ ပညာဂုဏ်ကို <u>ထား</u>နှင့်ခုတ်၍၊ သင်၏တင့်တယ်ခြင်း အသရေကို ရှုတ်ချကြ**

**လိမ့်မည်။ သင့်ကို မြေတွင်းထဲသို့နှိမ့်ချ၍**..... အိုလွှမ်းမိုးသော ခေရုဗိမ်၊ မီးတောက်သော ကျောက်တို့အထဲက သင့်ကို ငါပယ်ရှင်းမည်။..... ငါသည် သင့်ကို မြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု၍ ဝမ်းမြောက်စေခြင်းငှါ၊ သူတို့ရှေ့မှာ သင့်ကို ငါချထားမည်။...သင့်ကိုမြင်သော သူအပေါင်းတို့ရှေ့မှာ၊ သင်၏ ပြာကို မြေပေါ်သို့ ငါချထားမည်။...... သင်သည် ကြောက်မက် ဘွယ်ဖြစ်လိမ့်မည်။ နောက်တဖန် မပေါ်လာရ။ ယေဇကျေလ ၂၈း၆-၈၊ ၁၆-၁၉

မီးဖိုခွ မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသော သူအပေါင်းတို့သည် **အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။** သူတို့အရင်းအဖျားမျှ မကျန်ကြွင်းစေခြင်းငှါ ထိုနေ့ရက်သည် **လောင်လိမ့်မည်**ဟု ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ မာလခိအနာဂတ္တိကျမ်း ၄း၁

သူခိုးသည် ညဥ့်အခါလာသကဲ့သို့၊ ထာဝရဘုရား၏ နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃း၁ဝ

အဆုံးတစ်နေ့တစ်ချိန်တွင် အပြစ်စီရင်ခြင်းပြုမည့်သူမှာ ယေရှုမဟုတ်ပဲ ယေရှုမိန့်မြွက်ခဲ့သည့် နှုတ်တော်ထွက်သာလျှင် ဖြစ်မည်ဟု ယေရှုသွန်သင်တော်မူခဲ့လေသည်။ ထိုအချက်ကို စာဖတ်သူအနေဖြင့် ပြန်လည်အမှတ်ရဖို့လိုပေမည်။ အပြစ်စီရင်တော်မူရာတွင် သေစေသောတန်ခိုးတော်ကို ဘုရားသခင်အသုံးပြုတော်မမူပါ။ ဤအမှန်တရားကို ကျမ်းပေါင်း ၁၄ ကျမ်းပါဝင်သည့် ကျမ်းပယ်(the Apocrypha) တွင် အတည်ပြုထားပေးပါသည်။ ထိုကျမ်း ၁၄ ကျမ်းအနက် တစ်ခုသောကျမ်းတွင် ဤအမှန်တရားကို အတည် ပြုထားပေးပါသည်။ Coverdale's Bible, Matthew-Tyndale Bible, The Great Bible, The Geneva Bible, The Bishop's Bible နှင့် ၁၆၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သော The first edition of the King James Bible စသည့်ကျမ်းစာများထဲတွင် အထက်ဖော်ပြခဲ့သည့် ကျမ်းပယ် ၁၄ ကျမ်းကို ထည့်သွင်းထားသည်။ ထိုကျမ်းပယ်များထဲမှ Esdras ဒုတိယစာစောင် ၁၃း၃၇၊ ၃၈ ကို ကျွန်ုပ်တို့ ဖတ်ရှုသွားပါမည်။

သားတော်သည် ထိုတိုင်းနိုင်ငံတို့၏ မကောင်းသောတီထွင်မှုများကို အကြောင်းပြု၍ ဆုံးမတော်မူမည်။ **ထိုတိုင်းနိုင်ငံများကား မိမိတို့၏ မတရားသောအသက်တာအားဖြင့် လဲပြိုသောတိုင်းနိုင်ငံများတည်း။ သူတို့၏ မကောင်းသောအတွေးများနှင့် သူတို့၌ကျရောက်မည့် <u>မီးလျှံနှင့်တူသောညှဉ်းပန်းခြင်းများကို သူတို့ရှေ့တွင် သားတော်ခင်းပြထားမည်။ ငါ(ဘုရားသခင်)နှင့်တူသော ပညတ်တရားတော်အားဖြင့် ထိုသူတို့ကို သူ(သားတော်)သည် ပင်ပန်းခြင်းမရှိပဲ ဖျက်စီးတော်မူမည်။</u>**

ပညတ်တော်၏ တန်ပြန်လုပ်ဆောင်ချက်အားဖြင့် မတရားသောသူများ အပြစ်စီရင်ခြင်းခံရမည့်အကြောင်းကို ဤနေရာတွင် အတည်ပြုထားပေးပါသည်။ ထိုဖြစ်စဉ်မျိုးကို "သေမင်းနိုင်ငံသို့ ဆင်းသက်"ခဲ့ကြသည့် ကောရ၊ ဒါသန်နှင့် အဘိရန် တို့၏ အဖြစ်အပျက်တွင် တွေ့ရှိရပါသည် (တောလည်ရာကျမ်း ၁၆း၂၈-၃၃)။ "ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်" (ဟေဗြဲဩဝါဒစာ ၆း၆) ခဲ့ကြသောသူများနည်းတူပင် ထိုသူတို့သည် ဘုရားသခင်၏ ကွယ်ကာခြင်းခြံစည်းရိုးအပြင်ဘက်သို့ မိမိဘာသာ ထွက်သွားခဲ့ကြသည်အကြောင်းကို ဤနေရာတွင် ဘုရားသခင်ဖော်ပြပေးထားပါသည်။ ထိုသူတို့သည် "တွင်းကိုလည်း နက်စွာတူးသဖြင့်၊ မိမိ တူးသောတွင်းထဲသို့ ကျ" သွားကြလေသည် (ဆာလံကျမ်း ၇း၁၅)။ သို့ဖြစ်၍ တောလည်ရာကျမ်းတွင် မှတ်တမ်းတင်ရေးသားထားသော ထိုသူတို့၏ အပြစ်ရှိသည့်စိတ် နေသဘောထားကို ရည်မှတ်လျက် ကျွန်ုပ်တို့အား ရှင်ပေါလု အကြံပြုသည်ကား၊

ညီအစ်ကိုတို့၊ ငါတို့ဘိုးဘေးအပေါင်းတို့သည် မိုဃ်းတိမ်အောက်မှာရှိ၍၊ ပင်လယ်အလယ်၌ ရှောက်သွား ကြသည်ဟူ၍၎င်း၊ မိုဃ်းတိမ်နှင့် ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကိုခံကြသည် ဟူ၍၎င်း၊ ဓမ္မအစာကို အတူစားကြသည်ဟူ၍၎င်း၊ ဓမ္မရေကို အတူသောက်ကြသည်ဟူ၍၎င်း၊ သင် တို့မသိမမှတ်ဘဲ နေစေခြင်းငှါ ငါအလိုမရှိ၊ ထိုသူတို့နောက်၌ လိုက်သောဓမ္မကျောက်မှ ထွက်သောရေကို သောက်ကြ၏။ **<u>ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။</u>** သို့သော်လည်း ထိုသူတို့တွင် များစွာသောသူတို့ကို ဘုရားသခင်သည် အားရနှစ်သက်တော်မမူ။ သူတို့သည် တော၌ သေကြေပျက်စီးခြင်းသို့ ရောက်ကြ၏။ ထိုသူတို့သည် မကောင်းသော အရာတို့ကို တပ်မက်သကဲ့သို့ ငါတို့သည် မတပ်မက်စေခြင်းငှါ၊ ထိုအကြောင်းအရာတို့သည် ငါတို့အဘို့ ပုံသက်သေဖြစ်

ကြ၏။ လူတို့သည် စားသောက်လျက် ထိုင်နေကြ၏။ နောက်တဖန် ကခုန်မြူး ထူးခြင်းငှါ ထကြ၏ဟု ကျမ်းစာလာသည်အတိုင်း၊ ထိုသူအချို့တို့သည် ရုပ်တုကို ကိုးကွယ်သကဲ့သို့ မကိုးကွယ်ကြနှင့်။ ထိုသူအချို့တို့သည် မတရား သောမေထုန်အမှုကိုပြု၍ တနေ့ခြင်းတွင် လူနှစ်သောင်း သုံးထောင်လဲ ၍သေသကဲ့သို့ မပြုဘဲ၊ မတရားသော မေထုန်ကိုရှောင်ကြကုန်အံ့။ **ထို သူအချို့တို့သည် စုံစမ်းနှောင့်ရှက်ခြင်းကိုပြု၍၊ မြွေဖြင့် ပျက်စီးသကဲ့သို့ ငါတို့ သည်မပြု၊ ခရစ်တော်ကို မစုံစမ်းမနှောင့်ရှက်ဘဲနေကြကုန်အံ့။** ထိုသူအချို့တို့ သည် မြည်တမ်းခြင်းကိုပြု၍၊ **<u>ဖျက်ဆီးသောသူ</u>၏ လက် ဖြင့် ပျက်စီးသကဲ့**သို့ မဟုတ်၊ မြည်တမ်းခြင်းကိုမပြုကြနှင့်။ ထိုအ ကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဘို့ ကျမ်းစာ၌ ရေးထားလျက်ရှိသတည်း။ ထို ကြောင့် အကြင်သူသည် မိမိ တည်ကြည် လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။ ကောရိန္သုဩဝါဒစာပဋမစောင် ၁၀း၁-၁၂

ရှင်ပေါလု အသုံးပြုထားသည့် "ဖျက်ဆီးသောသူ" ဟူသောစကားလုံး၏ မူရင်း ဂရိစကား လုံးမှာ ὀλοθρευτής (*olothreutés-အိုလိုသရီထက်စ်*) ဖြစ်ပြီး ၎င်း၏ တိုက်ရိုက်အဓိပ္ပါယ်မှာ "အဆိပ်ပြင်းသောမြွေ" ပင်ဖြစ်သည်။ သို့ဖြစ်လျှင် ဤဖျက်ဆီးသောသူကား အဘယ်နည်း။

ထိုအခါ ဤလောကတနိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ်စာတန် အမည် ရှိသော ရှေးမြွေဟောင်းတည်း ဟူသော နဂါးကြီးကိုငင်း၊ သူနှင့်အတူ သူ၏ တမန်တို့ကိုငင်း၊ မြေကြီးသို့ချလိုက်ကြ၏။ ဗျာဒိတ်ကျမ်း ၁၂း၈၊ ၉

ထိုကြောင့် ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကိုချီး မြှောက် တော်မူမည်အကြောင်း၊ တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့။ သင်တို့ကိုသတိနှင့် ကြည့်ရှုတော်မူ သောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ် နှံကြလော့။ သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ **သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေ လျက်ရှိ၏။** ရှင်ပေတရုဩဝါဒစာပဋမစောင် ၅း၆-၈

စာတန်သည် ဖျက်ဆီးသောသူဖြစ်ပြီး ဘုရားသခင်မူကား ပြုပြင်တည်ဆောက်သောသူ ဖြစ်သည်မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် အောက်ပါကျမ်းချက်ကို ပိုမို ရှင်းလင်းစွာ

ကျွန်ုပ်မြင်လာရတော့သည်။

> အကြောင်းမူကား၊ ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည် **ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးများနှင့် တိရစ္ဆာန်တို့၏ သားဦးများအပေါင်းတို့ကို ဒဏ်ခတ်၍၊** အဲဂုတ္တုပြည်၏ ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏။ ထွက်မြောက်ရာကျမ်း ၁၂း၁၂

လေ့လာခဲ့ရသည့် အကြောင်းအရာများကို ဆင်ခြင်ကြည့်ရာ၊ အဲဂုတ္တုပြည်သားဦးရှိသမျှတို့အား ကွပ်မျက်ခဲ့သောသူမှာ ဘုရားသခင်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ထားကြမည်လော။ သို့မဟုတ် ဘုရားသခင်ကိုငြင်းပယ်ခြင်းဖြင့် ထိုအဲဂုတ္တုလူတို့သည် မိမိတို့ကိုယ်ကိုဖျက်ဆီးသူစာတန်လက်သို့ ဝကွက်ထိုးအပ်ခဲ့ကြသည် မဟုတ်ပါလော။ ကျမ်းချက်အနည်းငယ်ကို ဆက်လက်ဖတ်ရှုကြည့်ကြပါစို့။

> အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်း ငှာ ထုတ်ချင်းခတ်သွားတော်မူမည်။ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ရှိသော အသွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော်မူမည်။ <u>**ဖျက်ဆီးသောသူ**</u>သည် သင်တို့ကို ဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ဝင်ရသော အခွင့်ကို ပေးတော်မမူ။ ထွက်မြောက်ရာကျမ်း ၁၂း၂၃

ဘုရားသခင်ကို ငြင်းပယ်သောအခါ ပျက်စီးခြင်းများ ဖြစ်ပေါ်လာသည်။ အကြောင်းမှာ လူသားတို့၏ လွတ်လပ်စွာရွေးချယ်မှုပြုရသောအခွင့်ကို ကိုယ်တော်သည် ကြားဝင်စွက်ဖက်ခြင်းပြုမည်မဟုတ်သောကြောင့်ဖြစ်သည်။ ကွယ်ကာတော်မူခြင်း ကျေးဇူးတော်ဘောင်အပြင်ဘက်သို့ သင်ထွက်သွားလိုလျှင် မျက်ရည်နှင့်ကတွ သင့်အား သူခွင့်ပြုပေးတော်မူမည်ဖြစ်သည်။ သို့ရာတွင် ပျက်စီးခြင်းကား သင့်ကိုယ်တိုင်၏မတရားမှုနှင့် သေခြင်းတရားကိုအစပြုသူ စာတန်၏အထဲက ထွက်ပါသည်။

> အမျက်တော်အရှိန်အားဖြင့် သူတို့၌ ဆိုးသော တမန်တို့ကို စေလွှတ်၍ လွှမ်းမိုးခြင်း၊ ဒဏ်ခတ်ခြင်း၊ နှောင့်ရှက်ခြင်းအမှုကိုဖြစ်စေတော်မူ၏။ ဆာလံကျမ်း ၇၈း၄၉

ဤနေရာတွင် အသုံးပြုထားသည့် "စေလွှတ်"ဟူသောစကားလုံး၏ မူရင်း ဟေဗြဲစကားလုံးကို "လွှတ်လိုက်သည်" သို့မဟုတ် "လွှတ်ချလိုက်သည်" ဆိုသည့်အဓိပ္ပါယ်နှင့် ဘာသာပြန်ဆိုလျှင် ပိုမိုနီးစပ်မှုရှိမည်ဖြစ်သည်။ ခရစ်တော်နှင့် ဆိုးသော တမန်များတို့သည်

လုပ်ဖေါ်ဆောင်ဖက်များ မဟုတ်ကြပါချေ။ စာတန်နှင့် သူ၏ တမန်ဆိုးများတို့ကို မိမိ၏ ကွယ်ကာခြင်းတန်ခိုးတော်အားဖြင့် ခရစ်တော်နှင့် သူ၏ ကောင်းကင်တမန်များက ချုပ်ထားတော်မူသည်။ ခရစ်တော်ထံမှ အကွယ်အကာကို ငြင်းပယ်ခြင်းသည် ဤတမန်ဆိုးများအား လွတ်ပေးခြင်းအမှုကို သင်ရွေးချယ်လိုက် ခြင်းပင်ဖြစ်ပေသည်။

## ဘုန်းနှင့်ပြည့်စုံသော ဘုရားသခင်၏စာရိတ္တတော်

ကျွန်ုပ်တို့ အစီရင်ခံရမည့်ပုံနှင့် ကျွန်ုပ်တို့ ကျမ်းစာဖတ်ရှုလေ့လာသည့်ပုံတို့မှာ များစွာ ဆက်စပ်မှုရှိနေလေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် မီးခတ်ကျောက်ကဲ့သို့မာကျောသော နှလုံးသားကို အစိတ်စိတ်အမွှာမွှာ ခွဲချေပစ်နိုင်သည့် သံတူကဲ့သို့ဖြစ်၍၊ ချော်နှင့် ကြေးဖြူတို့ကို လောင်ကျွမ်းပစ်နိုင်သော မီးလျှံကဲ့သို့ဖြစ်သောကြောင့်ဖြစ်သည်(ယေဇကျေလ ၂၂း၁၉-၂၂)။

> ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏။ စိရအရပ်မှ ထိုလူတို့အား နေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍၊ သန့်ရှင်းသောသူ အထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ၍၊ **ဓမ္မမီးသည် ဣသရေလလူတို့အဘို့၊ လက်ျာလက်တော်မှ ထွက်လေ၏။**
>
> တရားဟောရာကျမ်း ၃၃း၂

> ငါ၏ နှုတ်ကပတ်တော်သည် မီးကဲ့သို့၎င်း၊ ကျောက်ကို ထုချေသောသံတူကဲ့သို့၎င်း ဖြစ်သည်မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏။
>
> ယေရမိအနာဂတ္တိကျမ်း ၂၃း၂၉

> ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏။
>
> ဟေဗြဲသြဝါဒစာ ၁၂း ၂၉

ဘုရားသခင်၏နှုတ်ကပတ်တော်သည် မီးကဲ့သို့ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 2 Esdras (အက်စ်ဒရက်စ်ဒုတိယစောင်) ၁၃း၃၈ တွင် ဘုရားသခင်က "ငါ(ဘုရားသခင်)နှင့် တူသောပညတ်တရားတော်" ဟူ၍ သုံးနှုန်းပြောဆိုထားသည်ကို ရှေ့က ကျွန်ုပ်တို့ လေ့လာထားခဲ့ရသည်ဖြစ်ရာ ထိုပညတ်တော်သည် ဘုရားသခင့်ပညတ်တော်၏ အမှတ်သင်္ကေတတစ်ခုပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ဆိုနိုင်ပေသည်။ ဘုရားသခင့်အထံက ထွက်သောမီးကားအလွန်စင်ကြယ်မြင့်မြတ်သော မေတ္တာမီးပင်ဖြစ်သည်ကို ကျွန်ုပ်တို့လေ့လာခဲ့ရပါသည်။

“ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏” (၁ယော ၄း၈)။ ဘုရားသခင်သည် ချစ်နေသည် (သို့မဟုတ်) ဘုရားသခင်၌ ချစ်ခြင်းမေတ္တာရှိသည် ဟုမဆိုပဲ၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ပြောဆိုထားသည်ကို မှတ်သားပါလေ။ ထို့ကြောင့် ဘုရားသခင်၏ စာရိတ္တတော်တည်းဟူသော ထိုသခင်၏နာမတော်အကြောင်းကို ပြောဆိုရာတွင် သနားခြင်းကရုဏာတော်သည် ထိပ်ဆုံးကပါလာသည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။

> ထာဝရဘုရားမိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီး သောသူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါးကြွားသောသူမည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ **<u>ချစ်သနားခြင်း</u>**၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသောထာဝရဘုရားဖြစ်ကြောင်း တည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ယေရမိအနာဂတ္တိကျမ်း ၉း၂၃၊ ၂၄

မေတ္တာသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်တော်မူသည်ဖြစ်ရာ၊ ဘုရားသခင်၏ ကျန်အင်လက္ခဏာရှိသမျှတို့မှာလည်း မေတ္တာပေါ်လွင်ထင်ရှားခြင်းအကြောင်း (သို့) မေတ္တာစီးဆင်းရာလမ်းကြောင်းများပင် ဖြစ်သည်ဟု မှတ်ယူရပေမည်။ ဘုရားသခင်ပြုလေသမျှတို့သည် မေတ္တာအားဖြင့်သာဖြစ်သည် ဟူသောအဓိပ္ပါယ်ပင်ဖြစ်သည်။ ငါတို့ကောင်းကင်အဘခမည်းတော်၏တရားမှုသည်ကား ကရုဏာတရားကို ချန်လပ်ထားသည့် ပြင်းထန်သောတရားမှုမျိုးမဟုတ်။ ဘုရားသခင်၌ ကရုဏာတရားနှင့် သစ္စာတရား(တရားမှု) တို့သည် သီးခြားဖြစ်နေသည် ဆိုသည့်ပုံစံမျိုးနှင့် ဘုရားသခင်အား ပုံဖော်လိုသောသူကား စာတန်ပေတည်း။ အမှန်အားဖြင့် ဘုရားသခင်သည် မိမိသားသမီးများအပေါ် မေတ္တာနှင့် အမြဲတမ်းပြုမူတော်မူသည်။ ဤ မေတ္တာကို သမ္မာကျမ်းစာတွင် မီးအဖြစ် ပုံဖော်ပြထားပေးပါသည်။

> ကျွန်မကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော်မူပါ။ အကြောင်းမူကား၊ မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ **ခင်ပွန်းကို မယုံသောစိတ်သဘော (မနာလိုသောသဘော)**သည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ သူ (မေတ္တာ)၏အရှိန်သည် **မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏ (ထာဝရ ဘုရား၏မီးလျှံ ဖြစ်ပါ၏)။**

ရှောလမုန်သီချင်း 8:6-7 (MYJ)

မေတ္တာသည် အဘယ်သို့သောအားဖြင့် ခက်ထန်ခြင်းသဘောရှိနိုင်ပါမည်နည်း။ အကျွန်ုပ်တို့ ကောင်းကင်အဘခမည်းတော်၏မေတ္တာတော်က အပြစ်၏သဘောသဘာဝတည်းဟူသော ၎င်း၏ဖျက်စီးနိုင်စွမ်းကို ကရုဏာရှေ့ထားပြီး ဖော်ပြပေးတော်မူပါသည်။ ဤသည်ကား မတရားသောသူတို့ကို ညှဉ်းဆဲတော်မူမည့် မီးလျှံ ပေတည်း။

> ထိုသူသည်ဘုရားသခင်၏ ဒေါသဖလား၌ လောင်းသော အမျက်တော် စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။ သန့်ရှင်းသောကောင်းကင်တမန် တို့ရှေ့၊ သိုးသငယ်ရှေ့တွင်၊ **ကန့်နှင့်ရောသောမီး**ထဲမှာ ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၄း၁၀

ဤနေရာတွင် သုံးနှုန်းထားသော ကန့် ဆိုသည့်စကားလုံး၏ မူရင်းဂရိစကားလုံးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

> Θειον: (theion - သီယွန်၊ related to theios - သီယွန်နှင့်ဆိုင်သော dealing with divinity ဘုရားနှင့်ဆိုင်သော ) Strong အဓိပ္ပါယ်ဖွင့် ဆိုချက် - ၁။ ကန့် က။ ဘုရားနှင့်ဆိုင်သောအမွှေးနံ့သာ ……

ဤမီးသည် မတရားသောသူများကို ထာဝရကာလပတ်လုံး မလောင်ကျွမ်းနိုင်ပါ။ အကြောင်းမှာ ထာဝရလောင်ကျွမ်းလျှင် ဘုရားသခင်၏ တရားမျှတသောစာရိတ္တတော်နှင့် ဆန့်ကျင်ဘက်ဖြစ်လိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဗျာဒိတ်ကျမ်း ၁၄ က အောက်ပါအတိုင်း ဆက်လက်ပြောဆိုတင်ပြထားပါသည်တကား၊

> ထိုညှဉ်းဆဲခြင်း၏ မီးခိုးသည် **ကမ္ဘာအဆက်ဆက်** တက်လျက်ရှိ၏။ သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ်၍၊ သူ၏နာမတံဆိပ်လက်မှတ်ကို ခံသောသူတို့သည် နေ့ညဉ့်မပြတ် သက်သာမရကြဟု၊ လိုက်၍ကြီးသော အသံနှင့် ပြောဆို၏။ ဗျာဒိတ်ကျမ်း ၁၄း၁၁

သို့ရာတွင် “ကမ္ဘာအဆက်ဆက်” တက်လျက်ရှိသည့်အရာမှာ “မီးခိုး” သာဖြစ်သည်ကို မှတ်သားပါလေ။ မီးခိုးဆိုသည်မှာ တစ်စုံတစ်ခုသောအရာ လောင်ကျွမ်းပြာကျပြီးမှ ကျန်ရစ်ခဲ့သောအရာဖြစ်သည်။ ဤမီးခိုးသည်ကား အပြစ်နှင့် ၎င်း၏ဖျက်စီးခြင်းသဘောကို

အမှတ်ရစေသည့် အောက်မေ့ဖွယ်ရာအရာကို ပုံဆောင်ပါသည်။

သို့ရာတွင် ရှင်ယုဒသြဝါဒစာ ၁း၇ တွင် တင်ပြထားသော "ထာဝရမီး" ကား အဘယ်သို့နည်း။

> ထိုနည်းတူ၊ သောဒုံမြို့နှင့် ဂေါမောရမြို့မှစ၍ ပတ်ဝန်းကျင်၌ ရှိသော မြို့တို့သည်၊ အထက်က ဆိုခဲ့ပြီးသော လူဆိုးကဲ့သို့ မတရားသောမေထုန်ကို အလွန်ပြု၍ ကိုယ်ခင်ပွန်းမဟုတ်သော သူတို့နှင့်မှားယွင်းခြင်းအမှု၌ ကျင်လည်သောကြောင့်၊ **ထာဝရမီး**နှင့် ကျွမ်းလောင်ခြင်းဒဏ်ကို ခံရ၍ ပုံသက်သေထင်ရှားလျက်ရှိကြ၏။ ရှင်ယုဒသြဝါဒစာ ၁း၇

ထိုမြို့နှစ်မြို့တို့သည် ယနေ့အထိတိုင် ဆက်လက်လောင်ကျွမ်းနေပါသလား။ မလောင်ကျွမ်းတော့ပါချေ။ သောဒုံမြို့နှင့် ဂေါမောရမြို့တို့၏ ပျက်စီးခြင်းအဖြစ်အပျက်သည် "ပုံသက်သေထင်ရှားလျက်ရှိကြ၏" ဟူ၍လည်း ရှင်ယုဒက ပြောဆိုထားခဲ့သေးသည်။ အဘယ်ပုံသက်သေကို ရည်ညွှန်းပြောဆိုနေခြင်းပါနည်း။ ၂ ပေ ၂း၆ က ပြန်လည် ဖြေကြားထားပေးပါသည်။

> သောဒုံမြို့နှင့် ဂေါမောရမြို့တို့ကို မီးရှို့၍ (အင်္ဂလိပ်ကျမ်းစာတွင် **ပြာ** ဖြစ်စေ၍ဟုရေးသားထားသည်) ဖျက်ဆီးရာ၊ ဒဏ်စီရင်တော်မူသဖြင့် **နောင်၌ မတရားသောအကျင့်ကို ကျင့်အံ့သောသူတို့အား ပုံသက်သေကို ထားတော်မူ၏။**

ဤမြို့နှစ်မြို့တို့ကို "ပြာ" ဖြစ်စေခဲ့သည့်အဖြစ်အပျက်ကို မတရားသောသူတို့၏ နိဂုံးပုံသက်သေတစ်ခုအဖြစ် ထားရှိထားခဲ့ခြင်းဖြစ်ကြောင်း ပေတရုပြောဆိုတင်ပြထားသည်။ ထို့ကြောင့်၊ ထို "ထာဝရမီး"ကပင် စာတန်နှင့် သူ၏အပေါင်းအပါများကို ပြာအဖြစ် လောင်ကျွမ်းပြာကျစေလိမ့်မည်ဟု ကျွန်ုပ်တို့ ကောက်ယူရပေမည်။ မာလခိ ၄း၃ ကို သတိရပါလေ။ "မတရားသော သူတို့ကိုလည်း နင်းကြလိမ့်မည်။ ထိုသို့ ငါစီရင်သောနေ့ရက်၌ **သူတို့သည် သင်တို့ခြေဘဝါးအောက်၌ <u>မြေမှုန့် (ပြာမှုန့်)</u>ကဲ့သို့ ဖြစ်ကြလိမ့်မည်။**" ထိုပျက်ဆီးခြင်းကား ထာဝရပျက်ဆီးခြင်းပင် ဖြစ်ပေသည်။ "ယုံကြည်သောသူ"များသာလျှင် "ပျက်စီးခြင်း"သို့မရောက်ပဲ "ထာဝရအသက်" ကိုရရှိကြလိမ့်မည်ဖြစ်ကြောင်း (ယောဟန် ၃း၁၆) ယေရှုသွန်သင်တော် မူခဲ့ပါသည်။ မတရားသောသူများမှာမူ ထာဝရ **<u>သေခြင်း</u>**သို့ဝင်စားရလိမ့်မည်ဖြစ်ကြောင်း ရှင်ပေါလုပြောဆိုခဲ့လေသည် (ရောမသြဝါဒစာ ၆း၂၃)။ ဘုရားသခင်၏ ကိုယ်ကျိုးစွန့်မေတ္တာတော်ကို အဆက်မပြတ်ငြင်းပယ်နေသည့်နှလုံးသား

သည် မီးလောင်လွယ်သည့် မြက်ခြောက်ကဲ့သို့သောနှလုံးသားမျိုးဖြစ်လာလိမ့်မည်ဖြစ်သည်။ ထိုနှလုံးသားသည် မိမိကိုယ်ကိုဗဟိုပြုသော/မိမိစိတ်အလိုကိုသာလိုက်သော နှလုံးသား တစ်စုံအဖြစ် ဆက်လက်ကျန်ရှိနေခဲ့လိမ့်မည်ဖြစ်သည်။

> သင်တို့သည်ဖွဲကို ကိုယ်ဝန်ဆောင်၊ အမှိုက်ကို ဘွားမြင်ရလိမ့်မည်။ သင်တို့စိတ်သဘောသည် မီးဖြစ်၍၊ သင်တို့ကို ဖျက်ဆီးလိမ့်မည်။ လူများတို့ သည် ထုံးကျောက်ကို ဖုတ်သကဲ့သို့၎င်း၊ ဆူးပင်များကိုခုတ်၍ မီးရှို့ သကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း။ ၃၃း၁၁၊ ၁၂

တဖန်၊ ဘုရားသခင့်မေတ္တာတော်အား သင် အဘယ်သို့တုန့်ပြန်မှုပေးသည် ဆိုသည့် အချက်၌သာ လုံးလုံးမူတည်နေသည်။ ထိုမေတ္တာကို သင်ငြင်းပယ်လျှင် ကိုယ်ကိုယ်ကိုစီရင်ခြင်းအပြစ်သည် သင့်အား ပြာမှုန့်အဖြစ်သို့ လောင်ကျွမ်းသွားလိမ့်မည်ဖြစ်ပေသည်။ ထိုမေတ္တာကို သင်လက်ခံယူလျှင် ဘုရားသခင်၏ မီးနှင့်တူသောမေတ္တာတော်က သင့်အပြစ်များကို ဆေးကြောပေးတော်မူမည်ဖြစ်ပြီး ထိုမေတ္တာသည် သင်၌ ထာဝရအသက်ဖြစ်လာလိမ့်မည်ဖြစ်သည်။ လောင်သောမီးထဲ၌ အဘယ်သူနေရမည်နည်း ဟူသော ဟေရှာယ၏ မေးခွန်းကို မှတ်သားပါလေ။

> ......ငါတို့တွင် အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း။ ငါတို့တွင် အဘယ်သူသည် ထာဝရမီးလောင်ခြင်းကို ခံလျက်နေရမည်နည်း။ ဟေရှာယအနာဂတ္တိကျမ်း ၃၃း၁၄

“ထာဝရမီးလောင်ခြင်း”ထဲမှာ နေရမည့်သူများမှာ မတရားသောသူများပင်ဖြစ်မည် ဟု ခရစ်ယာန်အများစုတို့ ဖြေကြားကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ထိုမေးခွန်းအား နောက်အခန်းငယ်တစ်ခုတွင် ဟေရှာယမည်သို့ ဆက်လက်ဖြေကြားထားသည် ဆင်ခြင်ကြည့်ကြပါစို့။

> **တရားသဖြင့်ကျင့်**၍ **ဖြောင့်မတ်စွာ ပြောထသော၊** ညှဉ်းဆဲခြင်းအားဖြင့် ရသောငွေကို ရွံ၍၊ တံစိုးကိုလည်း ငြင်းပယ်ထသော၊ လူအသက်သတ်ခြင်းအမှုကို နားမခံ၊ သူ... ဟေရှာယအနာဂတ္တိကျမ်း ၃၃း၁၅

ဘုရားသခင့်မေတ္တာနှင့်စပ်ဆိုင်သည့် ထာဝရမီးထဲ၌ နေရမည့်သူများကား ယေရှုနှင့် ယေရှု၏ဖြောင့်မတ်ခြင်းတရားကို လက်ခံထားသောသူများပေတည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် “သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ မီးနှင့်၎င်း” ဗတ္တိဇံခံထားကြသော

ကြောင့်ဖြစ်သည်။ ဤမီးကား ငြိမ်း၍မရသောမီးဖြစ်သည်မှာ အမှန်ပင်ဖြစ်ပေသည်။

> သင်၏လက်သည်သင့်ကိုမှားယွင်းစေလျှင် လက်ကိုဖြတ်လော့။ ပိုးမသေ၊ **မီးမငြိမ်းရာ**၊ ငရဲအတွင်း **မငြိမ်းနိုင်သောမီး**ထဲသို့လက်နှစ်ဘက်စုံ နှင့် ဝင်ရသည်ထက်၊ လက်ချို့တဲ့၍ အသက်ရှင်ခြင်းသို့ဝင်စားသော် သာ၍ကောင်း၏။ ရှင်မာကုခရစ်ဝင် ၉း၄၃၊ ၄၄

ငြိမ်းသည် ဟူသောစကား၏အနက်ကား "မီးငြိမ်းသတ်သည်" သို့မဟုတ် "မီးငြိမ်းသည်" ဟူ၍ပင်ဖြစ်ပါသည်။ ထိုမီးကို အဘယ်သူမျှ ငြိမ်းသတ်နိုင်မည်မဟုတ်ပါချေ။ ယေရုရှလင်မြို့သည် ငြိမ်း၍မရနိုင်သောမီးနှင့် ဖျက်ဆီးခံရလိမ့်မည်ဟု ယေရမိ ဟောထားခဲ့လေသည်။

> သို့မဟုတ်၊ ဥပုသ်နေ့၌ဝန်ကို ထမ်းရွက်၍၊ ယေရုရှလင်မြို့တံခါးများသို့ မဝင်၊ ဥပုသ်နေ့ကို သန့်ရှင်းစေ သည်တိုင်အောင်၊ သင်တို့သည် ငါ့စကားကို နားမထောင်လျှင်၊ ငါသည် ထိုမြို့တံခါးတို့ကို **မီးရှို့၍၊ ထိုမီးသည် မငြိမ်းမသေဘဲ** ယေရုရှလင်မြို့ဘုံဗိမာန်တို့ကို လောင်ရလိမ့်မည်။ ယေရမိအနာဂတ္တိကျမ်း ၁၇း၂၇

မငြိမ်းမသေသောမီးသည် "ယေရုရှလင်မြို့ ဘုံဗိမာန်တို့ကို လောင်ကျွမ်း(ဝါးမြို)ရ လိမ့်မည်" ဖြစ်ကြောင်းကို အဦးဆုံးမှတ်ပါလေ။ အကယ်စင်စစ်၊ ယေရုရှလင်မြို့သည် ဤမီးကြောင့် နှစ်ပေါင်း ၇၀ မျှ "လူဆိတ်ညံရာ" ဖြစ်ခဲ့ရပါသည် (ရာဇဝင်ချုပ် ဒုတိယစောင် ၃၆း၁၉-၂၁)။ မငြိမ်းမသေသောမီးဖြင့် ယေရုရှလင်မြို့ လောင်ကျွမ်း ခြင်းခံခဲ့ရပါသည်။ သို့သော် ယနေ့တွင် ယေရုရှလင်မြို့ မီးလောင်မနေတော့ပါ။ ထိုမီးကို မငြိမ်းမသေသောမီးဟူ၍ ရည်ညွှန်းအသုံးပြုရခြင်းအကြောင်းကား ၎င်းအား အဘယ်သူမျှ မငြိမ်းသတ်နိုင်သောကြောင့်ဖြစ်သည်။ ထိုမီးသည် အဆက်မပြတ် အလိုအလျောက်လောင်ကျွမ်းနေခဲ့ပါသည်။ လူဆိတ်ညံရာအရပ်ဖြစ်သည်တိုင်အောင် ယေရုရှလင်မြို့အား လောင်ကျွမ်းခဲ့လေသည်။ ဟေရှာယ ပြောဆိုထားသည့် မီးအိုင်အကြောင်းကို ဖတ်ကြည့်သောအခါ အကြောင်းအရာတစ်ခုလုံး ထင်းထင်းကြီးပေါ်လွင်လာပါသည်။

> သူတို့သည် အမှိုက်ကဲ့သို့ဖြစ်၍ မီးရှို့ခြင်းကို ခံရကြလိမ့်မည်။ **မီးအရှိန်မှ မိမိတို့ကို မကယ်မနှုတ်ရကြ။** နွေးစရာဘို့ မီးတခဲမျှ၊ လှုံစရာဘို့ မီးအလျှင်းမျှ မကျန်ရစ်ရ။ ဟေရှာယအနာဂတ္တိကျမ်း ၄၇း၁၄

"မြေသည်မီးလောင်၍၊ မြေသားတို့သည် မီးမွေးဘို့ ထင်းဖြစ်ကြလိမ့်မည်။ ညီအစ်ကို ချင်း

တယောက်ကိုတယောက် မနှမြောရ။” (ဟေရှာယ ၉း၁၉) ဟူ၍လည်း ဟေရှာယဟောခဲ့လေသည်။

ရှင်မာကုခရစ်ဝင် ၉း၄၄ ထဲက ယေရှုနှုတ်မြွက်တော်မူခဲ့သည့် “ပိုး”ကား မီးငရဲထဲတွင် ဘယ်အခါမျှ မသေဆုံးနိုင်သည့် လူတစ်ဦးတစ်ယောက်၏ ဝိညာဉ်ပင်ဖြစ်မည်ဟု လူအမြောက်အများ ထင်မြင်ယူဆထားကြသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ငရဲတွင် ခန္ဓာနှင့် ဝိညာဉ်နှစ်ခုစလုံး ပျက်စီးမည်ဖြစ်ကြောင်း (ရှင်မဿဲခရစ်ဝင် ၁၀း၂၈)နှင့် ထာဝရညှဉ်းပန်းနှိပ်စက်ခြင်းခံရအံ့သောငှါ အဆုံးမဲ့အသက်ရှင်ရခြင်းမျိုးမရှိကြောင်း ယေရှု ရှင်းရှင်းလင်းလင်း မိန့်ခဲ့လေသည်။ မျက်ရည်ကျလျက် ဘုရားသခင် သတိပေးတော်မူသည်ကား “ဝိညာဉ်အပေါင်းတို့ကို ငါပိုင်၏။ အဘ၏ဝိညာဉ်ကို ငါပိုင်သကဲ့သို့ သား၏ဝိညာဉ်ကိုလည်း ငါပိုင်၏။ ပြစ်မှားသောဝိညာဉ်သည် အသက်သေရမည်။” (ယေဇကျေလအနာဂတ္တိကျမ်း ၁၈း၄)။ အမှန်ကား၊ လူသေအလောင်းများကို စားသည့် ပိုးကောင် (သို့) လောက်ကောင်ကို ယေရှု ရည်ညွှန်းနေခြင်းဖြစ်သည်။ ဟေရှာယ နှုတ်မြွက်သည်ကား၊

> သင်၏ ဘုန်းအသရေနှင့် သင်၏ တုရိယာမျိုး အသံဗလံတို့ကို မရဏာနိုင်ငံတွင် **ရှုတ်ချလေပြီတကား။ သင့်အောက်၌ ပိုးကောင်များကို ခင်းလျက်၊ သင့်အပေါ်၌ တီကောင်များကို ခြုံလျက်**ရှိပါသည်တကားဟု သင့်ကို နှုတ်ဆက်၍ ပြောဆိုကြလိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း ၁၄း၁၁

> အကြောင်းမူကား၊ **ပိုးရွတို့သည် သိုးမွေးအဝတ်ကို ကိုက်စားသကဲ့သို့၊ ထိုသူတို့ကို ကိုက်စားဖျက်ဆီးကြလိမ့်မည်။** ငါ၏ဖြောင့်မတ်ခြင်းတရားမူကား နိစ္စထာဝရ ဖြစ်၍၊ ငါ၏ ကယ်တင်ခြင်းတရားသည်လည်း ကမ္ဘာအဆက်ဆက် တည်လိမ့်သတည်း။ ဟေရှာယအနာဂတ္တိကျမ်း ၅၁း၈

ယေရှုကလည်း “ ထိုသူတို့သည် **ထာဝရအပြစ်ဒဏ်ခံရာ**သို့၎င်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့၎င်း သွားရကြလတံ့ဟု မိန့်တော်မူ၏” (ရှင်မဿဲခရစ်ဝင် ၂၅း၄၆)။ မတရားသောသူများအဖို့ “အပြစ်ဒဏ်”ကား အဘယ်နည်း။ “အပြစ်၏အခကား သေခြင်းပေတည်း။” (ရောမသြဝါဒစာ ၆း၂၃)။ သူတို့အား ဘုရားသခင် သေဒဏ်မပေးပါ။ အပြစ်လွန်ကျူးခြင်းအသက်တာဖြင့် သူတို့ အသက်ရှင်နေကြသည်ဖြစ်ရာ ထိုအပြစ်က သေခြင်းတည်းဟူသော အဖိုးအခကို သူတို့၌ ပေးအပ်လေတော့သည်။ (အကျိုးနှင့်အကြောင်း/ အကြိုးဆက်) ပင်ဖြစ်သည်။ ထိုသေခြင်းကား “ထာဝရ” သေခြင်းပေတည်း။ တစ်ခုတည်းသော အသက်၏အရင်းအမြစ်ဖြစ်သည့် ဘုရားသခင့်အထံတော်မှ ထွက်သွား

ခြင်း၄ါ သူတို့ရွေး ချယ်ခဲ့ကြသည်ဖြစ်ရာ သူတို့အနေဖြင့် ဘယ်သောအခါမျှ အသက်ပြန်ရှင်လာတော့ မည်မဟုတ်ပါချေ။ ဤနေရာတွင် သုံးနှုံးထားသော "အပြစ်ဒဏ်"ဟူသည့် စကားလုံး၏ မူရင်းဂရိစကားလုံးမှာ κόλασις (*kolasis* - ခိုလာစစ်)ဖြစ်ပြီး "မရရှိခြင်း" ဟူသည့် အဓိပ္ပါယ်ရှိနေပေသည်။ ထိုသူတို့အနေဖြင့် အသက်ကို ရကြလိမ့်မည်မဟုတ်ပါချေ။ "ထာဝရအသက်မရခြင်း အပြစ်ထဲသို့ သူတို့တိုးဝင်ကြလိမ့်မည်ဖြစ်သည်။" ထိုအကြောင်းကြောင့် စစ်မှန်သည့်"ချမ်းသာ" (ဗျာဒိတ်ကျမ်း ၁၄း၁၁)ကို ဘယ်အခါမျှ သူတို့မရနိုင်ကြပါချေ။ အကြောင်းမှာ မေတ္တာကရုဏာနှင့် ကြွယ်ဝတော်မူသော ဘုရားသခင်၏ မျက်မှောက်တော်ကို သူတို့ ငြင်းပယ်ထားကြသောကြောင့်ဖြစ်သည်။ (ထွက်မြောက်ရာ ၃၃း၁၄၊ ရှင်မဿဲခရစ်ဝင် ၁၁း၂၈-၂၉)

မတရားသောသူများက "ထာဝရအပြစ်ဒဏ်ခံရာ (အသက်မရခြင်း)"သို့ သွားစဉ်၊ ဖြောင့်မတ်သောသူများက "အသက်ထာဝရ"သို့ ဝင်စားရမည်ဟူသော ယေရှု၏ နှုတ်မြွက်တော်မူချက်ကို အသေအချာဆင်ခြင်ကြည့်ပါလေ။ ခရစ်တော်၌ တည်သောသူများသာ ထာဝရအသက် (သို့မဟုတ်) အဆုံးမရှိသောအသက်ကို ရရှိပိုင်ဆိုင်သွားရမည်ဖြစ်သည်။

> ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်း၄ါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။ လောကီသားတို့အားအပြစ်စီရင်ခြင်း၄ါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူ သည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင် ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆-၁၇

မတရားသောသူများ ထာဝရလောင်ကျွမ်းခံနေရမည်ဟု သွန်သင်နေခြင်းသည် သူတို့၌ ထာဝရအသက်ရှိနေသည်ဟု သွန်သင်နေခြင်းပင်ဖြစ်သည်။ နာကျင်ခြင်း နှင့်ပြည့်ဝသည့် ထာဝရအသက်မျိုးဖြစ်မည်ဖြစ်သည်။ ဤသည်ကား မှားယွင်းသော သွန်သင်မှုပေတည်း။ ခရစ်တော်၌ တည်သောသူများသာ "ထာဝရအသက်"ကို ရကြလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် "အသက်" ဖြစ်တော်မူပြီး (ယောဟန် ၁၄း၆)၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော အသက်သာလျှင် ထာဝရအသက် ဖြစ်မည်ဖြစ်သည် (တရားဟောရာကျမ်း ၃၀း၁၅-၂၀)။ ယောဟန် နှုတ်မြွက်သည်ကား၊

> သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို

မရသောသူမူကား အသက်ကိုမရ။ ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၅း၁၂

ယေရှုကို မရသောသူတို့သည် အဆုံးမဲ့သော ထာဝရသေခြင်းသို့ ရောက်ကြလိမ့်မည်ဖြစ်သည်။ ၂ သက် ၁း၉ တွင် "ထာဝရအပြစ်ဒဏ်" ဟူသည့်အသုံးအနှုံးအစား "ထာဝရပျက်စီးခြင်း"ဟူသော အသုံးအနှုံးကို ပေါလု အသုံးပြုထားပါသည်။ ထိုပျက်စီးခြင်း (သေခြင်း)ကား ထာဝရပင် ဖြစ်သတည်း။

ဘုရားသခင့်စာရိတ္တာတော်ဆိုင်ရာ ဤသမ္မာတရားလမ်းကျဉ်းပေါ်၌ နောက်ထပ် ခြေတစ်လှမ်းဆက်လှမ်းသွားဖို့ ကျွန်ုပ်တို့ကို ယနေ့ခေါ်ဖိတ်ထားပါသည်။ ကျွန်ုပ်တို့၏ ကောင်းကင်အဘခမည်းတော်သည် ဤဒုက္ခဝေဒနာ၏အရင်းအမြစ် မဟုတ်ကြောင်း၊ မေတ္တာတော်နှင့်ပြည့်ဝသော ထိုခမည်းတော်၏မျက်မှောက်တော်က အပြစ်နှင့်တကွ ၎င်း၏ဖျက်ဆီးခြင်းသဘောကိုသာ ဖော်ထုတ်ပြတော်မူကြောင်းနှင့် တရားစီရင်ခြင်းအမှုသည် ဤနည်းအားဖြင့်ပြီးပြည့်စုံကြောင်းကို မြင်တွေ့နိုင်ရန် အတွက်ဖြစ်သည်။

## ဘုရားသခင့်အထံတော်က မီးလော။

မသေသော ပိုးကောင်၊ မှောင်မိုက်ခြင်းသံကြိုးနှင့် မငြိမ်းမသေသောမီး စသည်တို့သည် ပုံဆောင်မှုများပင်ဖြစ်ပြီး၊ စာတန်နှင့် ကိုင်းကူးဆက်နွယ်ခြင်းငှါ ကိုယ်ကိုခွင့်ပြုသောသူအပေါင်းတို့၏ အတွေ့အကြုံကို ပုံဆောင်ပါသည်။ ဤအခြေအနေတွင် အပြစ်သားအနေဖြင့် မိမိအပြစ်အတွက် စစ်မှန်သည့်နောင်တရနိုင်မည့် အခွင့်အရေးနှင့် ဝေးကွာသွားပြီး၊ ထိုသို့သောအားဖြင့် ကောင်းကင်အဘခမည်းတော်၏ခွင့်လွှတ်ခြင်းကို ရရှိနိုင်သည့်အခွင့်အရေးနှင့် သူလွဲချော်သွားရပါသည်။ ဤသည်ကား အပြစ်၏ ဆိုးကြိုးသက်ရောက်မှုအတိုင်းအတာပေတည်း။ မှန်ပါသည်။ ကမ္ဘာကြီးအား အသစ်တဖန်ပြုပြင်ခြင်းငှါ ၎င်းအားဆေးကြောသန့်စင်ပေးမည့် မီးတစ်မျိုး ရှိနေလိမ့်မည်ဖြစ်သည်။ သစ်တောကို အသစ်ပြန်ဖြစ်စေတတ်သည့် သစ်တောမီးနှင့် နှိုင်းယှဉ်ပြီး ကျွန်ုပ်တို့ တွေးကြည့်နိုင်ပါသည်။ သေစေလောက်သော ဖိအားပေးမှုမျိုးကို ဘုရားသခင် အသုံးပြုတော်မမူသည်ဖြစ်ရာ ထိုမီးများအဘယ်အရပ်က ရောက်ရှိလာပါသနည်း။ အများသော ကျမ်းစာဘာသာပြန်ဆိုမှုများတွင် "ဘုရားသခင်ထံမှ" ဟူသောစကားစုကို ကွင်းစပ်ကွင်းပိတ်ထဲတွင် ထည့်သွင်းထားပြီး အချို့သော ဘာသာပြန်ဆိုမှုများတွင်မူ ထိုစကားစုကို ထည့်သွင်းမထားပါချေ။

ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကို

ၸင်း၊ ချစ်ဘွယ်သော မြို့တော်ကိုၸင်း၊ ဝိုင်းကြ၏။ ထိုအခါ [ဘုရားသခင်အထံ တော်] ကောင်းကင်မှ မီးကျ၍ သူတို့ကို မျိုလေ၏။ ဗျာဒိတ်ကျမ်း ၂၀း ၉ (DARBY ပြန်ဆိုမှု)

ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကို ၸင်း၊ ချစ်ဘွယ်သော မြို့တော်ကိုၸင်း၊ ဝိုင်းကြ၏။ ထိုအခါ ကောင်းကင်မှ မီးကျ၍ သူတို့ကို မျိုလေ၏။ ဗျာဒိတ်ကျမ်း ၂၀း ၉ (ASV ပြန်ဆိုမှု)

ထိုသူများတို့သည် မြေကြီးမျက်နှာပြင်တလျှောက်သို့ တက်၍၊ သန့်ရှင်းသူတို့ ၏ တပ်ကိုၸင်း၊ ချစ်ဘွယ်သောမြို့တော်ကိုၸင်း၊ ဝိုင်းကြ၏။ ထို့နောက် ကောင်း ကင်မှ မီးကျ၍ သူတို့ကို မျိုလေ၏။ ဗျာဒိတ်ကျမ်း ၂၀း ၉ (CSB ပြန်ဆိုမှု)

ထိုသူများတို့သည် မြေကြီးလွင်ပြင်တလျှောက်သို့ ချီတက်၍၊ သန့်ရှင်း သူတို့၏ တပ်ကိုၸင်း၊ ချစ်ဘွယ်သော မြို့တော်ကိုၸင်း၊ ဝိုင်းကြ၏။ သို့ရာတွင် ကောင်း ကင်မှ မီးကျ၍ သူတို့ကို မျိုလေ၏။ ဗျာဒိတ်ကျမ်း ၂၀း ၉ (ESV ပြန်ဆိုမှု)

"ဘုရားသခင်အထံတော်က" ဟူသောစကားစုကို ကျမ်းပိုဒ်နှင့်တတွဲတည်း ဘာသာပြန်ဆို ထားရာတွင် ဘုရားသခင်အပေါ်ထားရှိသည့် လူသားတို့၏ အပြစ်နှင့်ပြည့်ဝသည့် တွေး တောယူဆချက်ကိုပါ ဘာသာပြန်များ ဘာသာပြန်ဆိုထားခြင်းပါလော။ အပြစ်တွင်း၌ နှစ်မွန်းကျရှုံးသွားသော လူသားများအနေဖြင့် ဘုရားသခင်အား ကိုးကွယ်မှုပြုရာတွင် ထိုသခင်၏စာရိတ္တထက် သူ၏တန်ခိုးကို အသာပေးဝတ်ပြုကြလိမ့်မည်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော လူသားကိုယ်၌က ဘုရားသခင်၏စာရိတ္တထက် ထိုသခင်၏တန်ခိုးကို ပိုမို လိုလားနေသောကြောင့်ဖြစ်သည်။ အကြောင်းမှာ ထိုစာရိတ္တတော်သည် မိမိကိုယ်ကိုငြင်း ပယ်ခြင်းနှင့်ဆိုင်သော စာရိတ္တမျိုးဖြစ်နေသောကြောင့်ဖြစ်သည် (မဿဲ ၁၆း၂၄)။ ထို့ကြောင့် မိမိ သိပ်တန်ဖိုးမထားလိုသည့် ဘုရားသခင့်စာရိတ္တထက် ဘုရားသခင်၌ မိမိရှိစေလိုသည့် တန်ခိုးကို အလေးပေးသည့်သဘောဖြင့် ကျမ်းပိုဒ်များကို သူဘာသာပြန်ဆိုလိမ့်မည်ဖြစ် သည်။ ဤအချက်က ကျွန်ုပ်တို့အား တရားကိုကျင့်သောသူဖြစ်မလာစေပဲ ပဋိညာဉ်တရား ဟောင်း ဆိုင်ရာ တရားနာသောသူသာ ဖြစ်လာစေပါသည် (ယာကုပ် ၁း၂၃)။ ဘုရားသခင်ကို သိကျွမ်းပြီး ကိုးစားခိုလှုံခြင်းထက် ဘုရားသခင်ကို မိမိအကြံအစည်အတိုင်း အလုပ် လုပ်ခိုင်း သောသူများ ဖြစ်လာစေပါသည်။ ပဋိညာဉ်တရားဟောင်းအတွေးအခေါ်၏ ပုံရိပ်အားဖြင့် ဘုရားသခင့်စာရိတ္တတော်ဘုန်းရောင်ခြည်ကို လောင်သောမီးသဖွယ် ပုံထင်ဟာစေပါသည်။

ထွက်မြောက်ရာကျမ်း ၂၄း၁၇ - ထာဝရဘုရား၏ ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာ **<u>လောင်သောမီး</u>**ကဲ့သို့ထင်၍၊ **<u>ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။</u>**

ကောင်းကင်က မီးကျသည်ဖြစ်သောကြောင့် ဘုရားသခင်ကိုယ်တော်တိုင် ထိုမီးကို **တိုက်ရိုက်** ချပေးတော်မူခြင်းဖြစ်မည်ဟု လူသားများအား စာတန် အမြဲတွေးထင်ယုံကြည်စေလိုခဲ့သည်။ သို့သော် ဤနေရာတွင် ကောင်းကင်က မီးကျစေသူမှာ စာတန်ပင်ဖြစ်ပါသည်။

ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတယောက်သည်လာ၍၊ ဘုရားသခင်၏မီးသည် မိုဃ်းကောင်းကင်မှ ကျသဖြင့်၊ သိုးများနှင့် လူစောင့်များတို့ကို လောင်၍သူတို့သည်ကျွမ်းကုန်ကြပါပြီ။ ကျွန်တော်တယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟုလျှောက်လေ၏။ ယောဘဝတ္ထု ၁း၁၆[5]

ထိုသားရဲသည် သူ့အရင်ဖြစ်သော ပဌမသားရဲ၏ အာဏာစက်ရှိသမျှကို သုံးစွဲ၏။ သေစေသော ဒဏ်ချက်ပျောက်ခဲ့ပြီးသော ပဌမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှါပြု၏။ ကြီးစွာသော နိမိတ်လက္ခဏာတို့ကိုလည်းပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကိုဆင်းစေ၏။ ဗျာဒိတ်ကျမ်း ၁၃း၁၂၊ ၁၃

မိမိတပည့်တော်များတို့၌ ဤအတွေးအခေါ်(ကောင်းကင်မှမီးကို ဘုရားချပေးသည် ဟူသောအတွေးအခေါ်) မျိုး ဖြစ်ပေါ်ခဲ့စဉ်က သူတို့အား ယေရှုဆုံးမတော်မူခဲ့ပါသည်။

ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှါ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါကြွလာသည်ဟု ဆုံးမတော် မူပြီးမှ၊ ရှင်လုကာခရစ်ဝင် ၉း၅၄၊ ၅၅

[5] ထိုမီးကား စာတန်၏လုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်းကို အငယ် ၁၂ တွင်ပြသထားပေးပြီး၊ သတင်းပေးသူသည် ထိုလုပ်ရပ်ကို ဘုရားသခင်၏လုပ်ရပ်ဟူ၍ လွဲမှားစွာ မှတ်ယူခဲ့မိလေသည်။

မိမိတို့နှင့် အချင်းချင်းရန်ဘက်ပြုသူများကို ဘုရားသခင် ဖျက်စီးပေးရလိမ့်မည်ဟူသော အတွေးမျိုးနှင့် ဘုရားသခင်၏စာရိတ္တတော်အပေါ် နားလည်မှု လွဲမှားနေသည့် ပြဿနာ တစ်ခုသည် မိမိတပည့်တော်များ၌သာမက ဧလိယတွင်လည်း ရှိနေခဲ့ဖူးကြောင်း ဤနေတွင် ယေရှု သွယ်ဝိုက်ရည်ညွှန်းပြောဆိုတော်မူသည်။ သို့ရာတွင် ဘုရားသခင်နှင့် သားတော် တို့သည် မိမိပရောဖက်များအပေါ် စိတ်ရှည်သည်းခံတော်မူခဲ့ပြီး မိမိတို့၏ စင်ကြယ်သော စာရိတ္တသဘာဝနှင့် ကောင်းကင်နိုင်ငံတော် စည်းမျဉ်းများကို ထိုပရောဖက်များတို့၌ သင်ပြ ပေးတော်မူခဲ့လေသည်။ တဖန်၊ ကျွန်ုပ်တို့ ဖတ်ရှုရသည်ကား၊

> နှုတ်ကပတ်တော်ကလည်း ထွက်လေ၏။ ထာဝရဘုရားရှေ့ တောင်ပေါ်မှာ ရပ်နေလော့။ ထာဝရဘုရား ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင်ထာဝရဘုရားသည် လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ရှားခြင်း၌လည်းရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာ **မီး**ရှိ၏။ **သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်း ရှိတော်မမူ၊ မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။**
> ဓမ္မရာဇဝင်စတုတ္ထစောင် ၁၉း၁၁၊ ၁၂

မျက်မြင်ရသောမီးထဲတွင် ဘုရားသခင် ရှိတော်မမူခဲ့ပါချေ။ အကြောင်းမှာ မိမိတန်ခိုးတော် အာဏာကို မေတ္တာနှင့်ပြည့်ဝသည့် မိမိစာရိတ္တတော်၏ လက်အောက်၌သာ သူအမြဲ ထားရှိ တော်မူသည်။ ထို့ကြောင့် သူ၏နိုင်ငံတော်သည် အတင်းအတ္တဖိအားပေးခြင်းအာဏာနှင့် တည်ဆောက်ထားသော နိုင်ငံတော်တစ်ခုမဟုတ်ပါချေ။ ဤလောကသည် မိမိ၏နိုင်ငံ မဟုတ်ကြောင်း၊ မိမိ၏နိုင်ငံဖြစ်လျှင် မိမိတပည့်များက မိမိရန်သူများကို တိုက်လှန်ကြလိမ့် မည်ဖြစ်ကြောင်း ယေရှုသွန်သင်တော်မူခဲ့သည် (ရှင်ယောဟန် ၁၈း၃၆)။ ဤလောကသည် မိမိ၏နိုင်ငံမဟုတ်သောကြောင့် ယေရှုသည် မိမိရန်သူများလက်၌ ကိုယ်ကိုနှိမ့်ချစွာ ပေးအပ်လျက်၊ ကိုယ်တိုင် ညှဉ်းပန်းနှိပ်စက်ခံရစဉ်မှာပင် ထိုသူတို့အဖို့ "အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြ" ဟူ၍ ယေရှုဆုတောင်း ပေးခဲ့လေသည်။ (ရှင်လုကာခရစ်ဝင် ၂၃း၃၄)

မိမိအားဖမ်းဆီးခြင်းငှါ ရှင်ဘုရင်စေလွှတ်လိုက်သောသူများတို့ကို ဖျက်ဆီးပစ်ဖို့ရန် အတွက် ဧလိယအနေဖြင့် အဘယ်ကြောင့် ကောင်းကင်ကမီးကို ဆင်းသက်စေခဲ့သနည်း။ ထိုမီး သည် ဘုရားထံမှလာသောမီး မဟုတ်လျှင် အဘယ်ကလာသနည်း။

> လေဝိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်**လျှင်**၊ ကောင်းကင်က မီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ်တို့ကို လောင်ပါစေဟု လူငါးကျိပ်အုပ်သော တပ်မှူး အားဆိုသည်အတိုင်း၊ **ကောင်းကင်က မီးကျ၍** သူနှင့် သူ၌ ပါသောလူငါးကျိပ် တို့ကို လောင်လေ၏။ ဓမ္မရာဇဝင်စတုတ္ထစောင် ၁း၁၀

ဤဖြစ်စဉ်ကို တပည့်တော်များ ရည်ညွှန်းပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သည့် မှားယွင်းသောအမြင်များကို လေဝိယ မဖယ်ရှားရသေးပါ။ မိမိသည် ဘုရားသခင်၏ပုရောဖက်ဟုတ်မှန်သည်ဆိုသည့် ဂုဏ်ပုဒ်တစ်ခုကို ကောင်းကင်နိမိတ်များနှင့် အကြမ်းဖက်မှုတို့အားဖြင့် ခုခံကာကွယ်ဖို့ရန်အတွက် စုံစမ်းခြင်းထဲသို့ လေဝိယ လိုက်ပါသွားခဲ့လေသည်။ အဓိကသော့ချက်ကို "လျှင်" ဟူသည့်စကားလုံးတွင် တွေ့ရပါသည်။ သံသယကို ဖေါ်ထုတ်ပြသည့် စကားလုံးတစ်လုံးပင်ဖြစ်ပါသည်။ အလားတူ စုံစမ်းခြင်းမျိုးဖြင့် ယေရှုထံသို့ လည်း စာတန်ရောက်ရှိလာခဲ့လေသည်။

> ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော် မှန်**လျှင်**၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်း ငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ ရှင်မဿဲခရစ်ဝင် ၄း၃

> လမ်းမှာ သွားလာသောသူတို့ကလည်း၊ ဗိမာန်တော်ကို ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက်ပြန်သောသူ၊ ကိုယ်ကိုကိုယ်ကယ်တင်လော့။ ဘုရားသခင်၏သားတော်မှန်**လျှင်** လက်ဝါးကပ်တိုင်မှ ဆင်းလော့ဟု မိမိတို့ ခေါင်းကိုညှိတ်၍ ကဲ့ရဲ့သောစကားနှင့် ပြောဆိုကြ၏။ ရှင်မဿဲခရစ်ဝင် ၂၇း၄၀

ဤအချက်တို့ကို စိတ်တွင်မှတ်ကြုံးလျက်၊ နှစ်ပေါင်းတစ်ထောင်အဆုံးတွင် ကောင်းကင်နှင့်မြေကြီးတို့မှ တိုးထွက်ပွင့်ကျလာမည့် မျက်မြင်ရသောမီးသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာမည်ကို ဆင်ခြင်ကြည့်ကြပါစို့။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ကြည့်ရှုသုံးသပ်ကြည့်သောအခါ သဘာဝတရား၌ ဘုရားသခင် စီမံထည့်သွင်းထားသောဥပဒေသများတို့သည် လူ့စာရိတ္တကို ထင်ဟစေဖို့အတွက်ဖြစ်သည်ကို ကျွန်ုပ်တို့တွေ့ရှိရပေသည်။ လူသားများတွင် ချမ်းသာသုခနှင့်တကွ ဘုရားသခင်အား နားထောင်နာခံတတ်သည့် စာရိတ္တမျိုးရှိဖို့ ဘုရားသခင်ရည်ရွယ်တော်မူခဲ့သည်။ ထိုသို့သောအားဖြင့် လူသားများတွင် ဘုရားသခင်အားသိကျွမ်းခြင်းသဘော တိုးပွားလျက် ထိုသဘောသည် ဒေင်ဥယျာဉ်မှသည် ကမ္ဘာတစ်ဝှမ်းလုံးသို့ လွှမ်းခြုံသွားဖို့ရန်ဖြစ်သည်။ သို့ရာတွင် ခရစ်တော်၏စိတ်ဓါတ်နေရာတွင် စာတန်၏စိတ်ဓါတ်တည်းဟူသော ပုန်ကန်ခြင်းသဘော

စိမ့်ဝင်လာသောအခါ စာတန်၏စိတ်ဓါတ်တွင်တည်ရှိသည့် ပဋိပက္ခဖြစ်ခြင်းနှင့် စိတ်ဝမ်းကွဲခြင်းသဘောများကို မြေကြီးက စတင်ထင်ဟပြလေတော့သည်။ သက်ရှိအပေါင်း တို့ကို စောင့်ထိန်းတော်မူသော ဘုရားသခင်၏တန်ခိုးတော်ကို မိမိတို့၏ခြေကုပ်ယူစရာနှင့် မိမိတို့၏တကိုယ်ကောင်းအကြံအစည်အတွက် အသုံးချလျက် ခရစ်တော်အား မိမိတို့စိတ်နှလုံးသားများအတွင်း၌ လူသားတစ်မျိုးနွယ်လုံး ဝိုင်းဝန်းကွပ်မျက်နေခဲ့ကြသည့်ထိုကာလအတွက် နိဂုံးချုပ်ရလဒ်ကား ရေလွှမ်းမိုးခြင်းပေတည်း။ ခပ်သိမ်းသောအရာတို့ကို တည်စေတော်မူသော ဘုရားသခင့်ဝိညာဉ်တော်ကို **[**"ခပ်သိမ်းသောအရာတို့သည် (သားတော်၏) တန်ခိုးတော် အားဖြင့်သာတည်ကြ၏" ကောလောသဲ ၁း၁၇။ "ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏" တမန်တော်ဝတ္တု ၁၇း၂၈**]** သူတို့ လုံးလုံးငြင်းပယ်လိုက်ကြသည့်အခါ မိမိ(မြေကြီး)သခင်တည်းဟူသော ကျရှုံးသောလူသားတို့၏ စရိုက်မှန်ကို အပြည့်အဝထုတ်ဖော်ပြသပေးရန်အတွက် မြေကြီးက ခွင့်ပြုချက်ရခဲ့လေသည်။ လူသားတို့၏ တောက်လောင်နေသောတပ်မက်ခြင်း ကိလေသာစိတ်များက မြေကြီးကိုလွှမ်းမိုးလျက် မြက်မြင်ရသောမီးအသွင်ဖြင့် ပေါက်ကွဲထွက်လာမည့် နောက်ဆုံးသောနေ့ရက်ကြီးတွင်လည်း အထက်ဖော်ပြခဲ့သည့် နည်းဥပဒေသမျိုး တဖန်သက်ဝင်လာလိမ့်မည်ဦးဖြစ်ကြောင်း ကျမ်းစာက ဖော်ပြထားပေးပါသည်။

> ထိုအတူ၊ ယောကျ်ားတို့သည်လည်း မိန်းမနှင့် ဆက်ဆံခြင်း ပကတိထုံးစံကိုစွန့်၍ **အချင်းချင်းကိလေသာစိတ်ပူလောင်သဖြင့်** (အင်္ဂလိပ်ကျမ်း စာတွင် - ကျွမ်းလောင်သဖြင့်)၊ ရှက်ကြောက်ဘွယ်သောအမှုကို ယောကျ်ားချင်းပြုလျက်၊ မိမိတို့ မှားယွင်းခြင်းနှင့်အလျောက် မိမိတို့ အပြစ်ဒဏ်ကို ခံရကြ၏။ ရောမသြဝါဒစာ *၁း၂၇ [မိမိတို့ စိုက်ခဲ့သည် အတိုင်း သူတို့ရိတ်သိမ်းခဲ့ရပါသည်]*

> ရှေ့ဦးစွာ သိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည်၊ **မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍**၊ သခင်ဘုရားကြွလာမည်ဟူသော ဂတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများ အိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြလိမ့်မည်။ **ရှေးကာလ၌ မိုဃ်းကောင်းကင်ကိုင်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သောမြေကြီး ကိုင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ဖြစ်ဘူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့် လွှမ်းမြုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ။ ယခုရှိသော မိုဃ်းကောင်းကင်နှင့်မြေကြီးမူကား၊ တရား**

**ဆုံးဖြတ်၍ အခမ္မလူ တို့ကို ဖျက်ဆီးသောနေ့ရက် တိုင်အောင်၊ ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျက် ရှိ၍၊ မီးရှို့ခြင်းအဘို့အလိုငှါ နေရစ်သတည်း။** ၂ပေ ၃း၃-၇

ဤနည်းဥပဒေသကို ရေမလွှမ်းမိုးမှီအသက်ရှင်ခဲ့ကြသူများက အဘယ်ကြောင့် မယုံကြည်ခဲ့ကြသနည်းဟူ၍ ကျွန်ုပ်တို့ အံ့ဩကောင်း အံ့ဩမိကြပေလိမ့်မည်။ သို့ရာတွင် ယကနေ့အခြေအနေသည်လည်း ထူးခြားမှုမရှိပါချေ။ လူ့သမိုင်းတလျှောက်တွင် အသက်ရှင်ခဲ့ဖူးသမျှသော မတရားသောအပေါင်းတို့က မြေကြီးမျက်နှာကို ပြည့်စေလျက် စာတန်နှင့်အတူ မိမိတို့၏ပုန်ကန်ခြင်းသဘောကို အပြည့်အဝ ပေါ်လွင်ထင်ရှားစေကြမည့်နေ့ကြီးတွင် ထိုသူတို့၏ တောက်လောင်လျက်ရှိသည့် တရားမဲ့ဆိုးသွမ်းနေခြင်းသဘောကို ထင်ဟပြပေးဖို့ရန်အတွက် မြေကြီးနှင့် ကောင်းကင်တို့က တဖန်အခွင့်ရလေကြဦးမည်ဖြစ်ပေသည်။

**သူတို့ပြည်သည်လည်း ညစ်ညူး၏။** ညစ်ညူးသော အပြစ်ကြောင့် ငါ ဆုံးမ၍၊ **ထိုပြည်သည် မိမိသားတို့ကို အော့အန်လိမ့်မည်။ ..... ထိုပြည်သည် သင်တို့ရှေ့၌ရှိသော လူအမျိုးမျိုးတို့ကို အော့အန်သကဲ့သို့** တဖန် ညစ်ညူးခြင်းကိုခံ၍၊ **သင်တို့ကို မအော့အန်စေခြင်းငှါ၊** ဝတ်ပြုရာကျမ်း ၁၈း၂၅၊ ၂၈

ဤလောကတနိုင်ငံလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟုငါတို့သိကြ၏။ ရောမဩဝါဒစာ ၈း၂၂

သိုလှောင်ထားသော တရားမဲ့ဆိုးသွမ်းခြင်းအပြစ်များကို မီးအသွင်ဖြင့် အော့အန်ပေးလိုက်သည့် မြေကြီးနှင့် ကောင်းကင်တို့အနေဖြင့် အဆုံးတွင် ငြိမ်သက်ခြင်းရှိကြလိမ့်မည်ဖြစ်သည်။ ခရစ်တော်၏ နားထောင်ခြင်းစိတ်သဘောနှင့် ခမည်းတော်အပေါ် ကျေးဇူးသိတတ်ခြင်းသဘောကို မိမိတို့နှလုံးသားများ၌ ကိန်းအောင်းနေရာပေးထားကြသော ဘုရားသခင့်သားသမီးများတို့၏ စင်ကြယ်သန့်ရှင်းခြင်း အလှတရားကိုလည်း သဘာဝတရားက ထင်ဟပြလိမ့်မည်ဖြစ်ပေသည်။ ခရစ်တော်၏ စိတ်သဘောကို လက်ခံရယူခြင်းဖြင့်၊ ကျွန်ုပ်တို့၏ အံ့ဩဖွယ်ဘုရားသခင်နှင့် သားတော်တို့၏ မီးကဲ့သို့သောမေတ္တာတော်ရှေ့မှောက်တွင် ကျွန်ုပ်တို့ တသက်လုံးနေရကြလိမ့်မည်ဖြစ်ပေသည်။

ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် **<u>ချုံထဲကထွက်သော မီးလျှံ</u>**၌ ထင်ရှား၏။ မောရှေသည်ကြည့်သောအခါ၊ **<u>မီးလောင်၍ ချုံမ ကျွမ်းဘဲရှိသည်</u>**

> ကို မြင်လျှင်၊ **အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။** ဤထူးဆန်းသော ရူပါရုံကို ငါသွား၍ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား ၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင်၊ မောရှေ၊ မောရှေ ဟု **ချုံထဲက ခေါ်တော်မူ၏။** မောရှေကလည်း၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း၊ မချဉ်းနှင့်။ **သင်၏ခြေနင်းကို ချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသော မြေဖြစ်သည်ဟူ၍** ၎င်း၊ **ငါသည်သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၎င်း** မိန့်တော်မူ၏။ မောရှေသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကို ဖုံးလျက်နေ၏။ ထွက်မြောက်ရာ ကျမ်း ၃း၂-၆
>
> ထိုမှတပါး သေလွန်သောသူတို့သည် ထမြောက်ခြင်းအရာမှာ၊ ဘုရား သခင်က ငါသည် အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ ဘုရားဖြစ်သည်ဟု မောရှေအား **ချုံ၌** မိန့်တော်မူကြောင်းကို မောရှေ၏ ကျမ်း၌ သင်တို့သည် မဘတ်ဘူးသလော။ **ဘုရားသခင်သည် သေနေ သောသူတို့၏ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ဘုရား ဖြစ်တော် မူ၏။** ထိုကြောင့် သင်တို့သည် အလွန်မှားကြသည်ဟု မိန့်တော်မူ၏။ ရှင်မာကုခရစ်ဝင်။ ၁၂း၂၆၊ ၂၇

မီးလောင်သောချုံကို ဘုရားသခင်သည် အသက်ရှင်သူတို့၏ဘုရားဖြစ်ခြင်း အကြောင်း အရာနှင့် ယှေရှုဆက်နွယ်ပြထားပေးပါသည်။ ဤသည်ကား မီးလောင်သော်လည်း မီးကျွမ်းခြင်းမရှိသည့် ချုံ၏ပုံဆောင်သောအရာပင်ဖြစ်ပေသည်။ မီးနှင့် တူသောမေတ္တာတော်၏ ရှေ့မှောက်သို့ အပြစ်သားများနှင့် ဖြောင့်မတ်သူ နှစ်မျိုး စလုံးတို့ ရောက်လာကြရမည်ဖြစ်ပါသည်။ ကွာဟချက်ကား မေတ္တာအပေါ် ကျွန်ုပ်တို့ပြုမည့်တုန့်ပြန်မှုအပေါ် မူတည်နေလိမ့်မည်ဖြစ်သည်။ ဖြောင့်မတ်သော သူတို့သည် "လောင်သောမီးထဲမှာ နေ"နိုင်ကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဒုစရိုက်ပြုသောသူ၏ အကြံအစည်များ၊ စကားလုံးများနှင့် လုပ်ဆောင်ချက်များကား အဆုံးတွင် ဘုရားသခင်ရှေ့၌ ထင်ရှားလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်အား ကရုဏာကင်းမဲ့သူဟူ၍ သမုတ်သောသူ၏အပေါ်သို့ ထိုအရာများ သက်ရောက်လိမ့်မည်ဖြစ်သည်။ ထိုအခါ ထိုအပြစ်သား၏ "စိတ်သဘောသည် မီးဖြစ်၍ (သူ့အား) ဖျက်ဆီးလိမ့်မည်" ဖြစ်ပါသည်။ ဘုရားသခင်သည် မတရားသောသူတို့၌ လောင်သောမီးဖြစ်တော်မူစဉ်၊ မိမိလူများတို့၌ကား သူသည် နေမင်းကြီးတစ်စင်းနှင့် ဒိုင်းလွှားတစ်ခု ဖြစ်တော်မူလေသည်။

ဗာဗုလုန်မီးထဲတွင် မီးကျွမ်းခြင်းမရှိခဲ့သည့် ဟေဗြဲလူငယ် သုံးဦးနည်းတူပင် (ဒံယေလအနာဂတ္တိကျမ်း ၃) သန့်ရှင်းသော ကောင်းကင်နိုင်ငံသားများတို့သည်လည်း မတရားသောသူတို့အား လောင်ကျွမ်းပြာကျသွားစေမည့် မီးအပူဒဏ်ကို ခံရကြလိမ့်မည်မဟုတ်ပါချေ။ သူတို့သည် ငြိမ်းချမ်းခြင်းအရှင်၏ ဝိညာဉ်တော်နှင့် ပြည့်ဝ နေကြသည်ဖြစ်ရာ သဘာဝတရားတစ်ခုလုံးတို့သည် သူတို့ရှေ့တွင် ငြိမ်သက်နေပါသည်။ ဘုရားသခင့်ဝိညာဉ်တော်နှင့် သူတို့ပြည့်ဝကြသည်ဟုဆိုရာတွင် ဘုရားသခင်သည် သူတို့အဖို့ ကွယ်ကာခြင်းဒိုင်းလွှားတစ်ခုဖြစ်မည်အကြောင်းကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်သည်။ ဘုရားသခင်၌ စိတ်နှလုံးတည်ကြည်သောသူအား စုံလင်သောငြိမ်သက်ခြင်းကို ကိုယ်တော်ပေးတော်မူမည်ဖြစ်သည်။

## အပြစ်ဒဏ်ပေးခြင်းအတိုင်းအတာ

မတရားသောတို့သည် မိမိပြုသောဒုစရိုက်၏အတိုင်းအဆပမာဏအတိုင်း ဝေဒနာခံရမည်ဟူသော ထင်မြင်ယူဆချက်ကား အဘယ်သို့နည်း။ အောက်ပါအတိုင်း ယေရှုမိန့်လေ သည်။

> အကြင်ကျွန်သည် မိမိသခင်၏ အလိုကိုသိလျက်နှင့် အသင့်မနေ၊ သခင်၏အလိုကိုမဆောင်၊ ထိုကျွန်သည် များစွာသော ဒဏ်ကိုခံရ၏။ သခင်၏အလိုကို မသိဘဲလျက်၊ ဒဏ်ခံထိုက်သောအမှုကို ပြုမိသောသူမူကား၊ အနည်းငယ်သောဒဏ်ကိုသာခံရ၏။ အကြင်သူသည် အများကိုဆပ်ရ၏။ အကြင်သူ၌ များစွာသောဥစ္စာကို အပ်နှင်း၏။ ထိုသူကို များစွာတောင်းလိမ့်မည်။
>
> ရှင်လုကာခရစ်ဝင် ၁၂း၄၇-၄၈

ပညတ်တော်သည် ဝိညာဉ်ရေးဖြစ်သည် ဟူသော ကျမ်းစကားကို ကျွန်ုပ်တို့ သတိရမိပါသည် (ရောမ ၇း၁၂)။ မတရားသောသူတို့သည် ပညတ်တော်နှင့်အညီ စီရင်ခြင်းခံရစဉ်၊ စိတ်ဝိညာဉ်နာခြင်းဝေဒနာကို သူတို့ အရင်အဦး ခံရကြလိမ့်မည်ဖြစ်သည်။ ထိုအကြောင်းအရာကို ရှေ့တွင် ကျွန်ုပ်တို့လေ့လာခဲ့ကြပြီးဖြစ်သည်။ ခရစ်တော်နှင့် ခရစ်တော်၏အလိုတော်ကို သိကျွမ်းခွင့် ပိုမိုရခဲ့လေလေ သူတို့၏နာကျင်ခြင်းဝေဒနာ ပိုမိုကြီးမားလေလေဖြစ်လိမ့်မည်ဖြစ်သည်။ မိမိမသိကျွမ်းသော သူတစ်စုံတစ်ယောက်၏ ဈာပနအခမ်းအနားသို့ ကျွန်ုပ်တို့တက်ရောက်ကြသည့်အခါ ကျွန်ုပ်တို့ ကြီးကြီးမားမခံစား ရပါချေ။ သို့သော် ကျွန်ုပ်တို့နှင့် အကျွမ်းဝင်သော သူတစ်စုံတစ်ယောက်၏ ဈာပနဖြစ်လျှင် ကျွန်ုပ်တို့ အလွန်ခံစားရပါသည်။ ဘုရားသခင်နှင့် သူ၏သားတော်ကို စာတန်တမျှ အဘယ်သူမျှ မသိကျွမ်းကြပါ။

စာတန်သည် ဘုရားသခင်၏ သန့်ရှင်းသောမီးတောက်သည့် ကျောက်များတွင် သွားလာဖူးသူဖြစ်၏ (ယေဇကျေလ ၂၈း၁၄)။ ထို မီးတောက်သည့် ကျောက်များကား ဘုရားသခင်၏ စာရိတ္တတော်တည်းဟူသော ပညတ်တော်(တရားဟော ၃၃း၂) ကို ပုံဆောင်ပါသည်။ ထို့ကြောင့် စာတန်ခံစားရမည့်ဝေဒနာသည် အကြီးမားဆုံးဖြစ်မည်ဖြစ်သည်။ ထိုအကြောင်းကြောင့် သူသည် အခြားသူများထက် ပိုမိုကြာမြင့်စွာ ဝေဒနာခံစားရဖို့ရှိပါသည်။ စာတန်အား ပိုမိုကြာမြင့်စွာ ဝေဒနာခံစားစေသောသူကား အဘယ်သူဖြစ်သည်ကို ကျမ်းစာတွင် ဖော်ပြမထားပေးပါချေ။ စာဖတ်သူ စဉ်းစားဆုံးဖြတ်စရာအဖို့ ချန်လပ်ထားပေးပါသည်။ အပြစ်သားသည် မိမိအပေါ်သို့ ကိုယ်တိုင်ပြစ်မိန့်ကျစေကြောင်းနှင့် ထိုသို့သောအားဖြင့် တရားစီရင်ခြင်းအမှုကို ယေရှုပြုတော်မူကြောင်း ကျွန်ုပ်တို့ သိရှိထားရသည်။

> ထိုသူတို့သည် ကြားရလျှင် **မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊** အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တယောက်နောက်တယောက် ထွက်သွားကြ၏။ ယေရှုသည် တယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည်အလယ်၌ရပ်နေ၏။ ရှင်ယောဟန်ခရစ်ဝင် ၈း၉

စာတန်အနေဖြင့် ထိုမျှ အချိန်ကြာကြာ အဘယ်ကြောင့် နာကျင်ခံစားရမည်ကို ဟာမန်ပုံပြင်ကလည်း ဖော်ပြထားပေးပါသည်။

> မိန်းမစိုးဟာဗောနကလည်း၊ အရှင်မင်းကြီး၏ အကျိုးတော်ကို စောင့်၍လျှောက်ထားသော မော်ဒကဲအဘို့ ဟာမန်လုပ်၍ အတောင်ငါးဆယ် မြင့်သောလည်ဆွဲချတိုင်သည်၊ ဟာမန်အိမ်၌ စိုက်ထားလျက်ရှိပါ၏ဟု နားတော်လျှောက်သော်၊ ထိုတိုင်၌ လည်ဆွဲချစေဟု ရှင်ဘုရင်မိန့်တော် မူ၏။ **ထိုသို့ မော်ဒကဲအဘို့လုပ်သော လည်ဆွဲချတိုင်၌ ဟာမန်ကို ဆွဲချကြ၏**။ ရှင်ဘုရင်လည်း စိတ်ပြေတော်မူ၏။ သေတာဝတ္ထု ၇း၉၊ ၁၀

ဟာမန်နှင့် မော်ဒကဲကား စာတန်နှင့် ခရစ်တော်ကို ပုံဆောင်သည်။ ခရစ်တော်အပေါ် မိမိသက်ရောက်စေလိုသည့် ပြစ်ဒဏ်ကို စာတန်ကိုယ်တိုင် ပြန်လည်ခံစားရလိမ့်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာတွင် အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

> သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတပါးကိုစီရင်ကြ၏ ထိုတရားအတိုင်းစီရင်ခြင်းကို ခံရကြမည်။

အကြင်ချိန်၊ တင်းပမာဏနှင့် သူတပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။ ရှင်မဿဲခရစ်ဝင်။ ၇း၁၊ ၂

တဖန်၊ ဖတ်ရှုရပြန်သည်ကား၊

ထိုသူသည် ဒုစရိုက်ဘွားသောဝေဒနာကို ခံရ၏။ မကောင်းသောအကြံအစည်ကို ပဋိသန္ဓေယူ၍၊ စိတ်ပျက်ခြင်းကို ဘွားမြင်တတ်၏။ တွင်းကိုလည်း နက်စွာတူးသဖြင့်၊ မိမိတူးသော တွင်းထဲသို့ မိမိကျတတ်၏။ **မိမိမကောင်းသောအကြံအစည်သည် မိမိခေါင်းပေါ်မှာ ပြန်ရောက်၍၊ မိမိကြမ်းတမ်းသောအမှုသည် မိမိခေါင်းထိပ်ပေါ်မှာ သက်ရောက်တတ် ၏။** ဆာလံကျမ်း ၇း၁၄-၁၆

အခြားသူများအပေါ် ဘုရားသခင်စီရင်သင့်သည်ဟု မိမိတို့ခံယူထားသော တရားမှုမျိုးကို လူအသီးသီးတို့ ပြန်လည်တွေ့ကြုံရကြလိမ့်မည်ဖြစ်သည်။ အခြားသူများအပေါ် အာဃာတနှင့် အမုန်းတရားများ ပိုမိုထားရှိလေလေ ဘုရားသခင်၏ မေတ္တာတော်ကြေးမုံရှေ့တွင် ပိုမိုကြီးမားသော အာဃာတနှင့် အမုန်တရားများသည် သူတို့၌ မိုပိုထင်ဟလေလေဖြစ်လိမ့်မည်ဖြစ်သည်။ မိမိတို့၏ ဆိုးယုတ်ခြင်းသဘောကို ထိုကြေးမုံရှေ့တွင် သူတို့အပြည့်အဝပြန်တွေ့မြင်ရကြလိမ့်မည်ဖြစ်ပါသည်။ အခြားသူများတို့ကို ငရဲတွင် ပုပ်ပျက်စေလိုသောသူတို့သည် မိမိတို့ပုပ်ပျက်စေလိုသည့် ပြင်းထန်မှုပမာဏနှင့်အညီ ပုပ်ပျက်ခြင်းသို့ ရောက်ရကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သူ့အပြစ်ကို လွတ်လျှင် ကိုင်တိုင်အပြစ်လွတ်ခြင်းအခွင့်ကို သင်ခံရလိမ့်မည်။ သင်၌ အပြစ်ကြွေးတင်သမျှသောသူတို့၏ အပြစ်များကို ခွင့်လွတ်ပေးလိုက်ပါလေ။ အခြားသူများအပေါ် သင်စီရင်လိုသည့်အပြစ်ဒဏ်များအတိုင်း သင်ကိုယ်တိုင် စီရင်ခြင်းမခံရစေခြင်းငှါ၊ သင့်စိတ်တွင် သင့်ရန်သူတို့နှင့် ကျေအေးမှုရယူပြီးမှ သင့်နှလုံးသားတွင် ထိုရန်သူများနှင့် အသင့်အတင့်ရှိစေပါ။

သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်သည်ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ အကြောင်းမူကား၊ သင်သည်စစ်ကြောစီရင်သော အမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍၊ သူတပါးကို စစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏။ ရောမဩဝါဒစာ ၂း၁

## နိဂုံးချုပ်

"မတရားသောသူမူကား၊ ဘေးဖြင့်အသက်ဆုံးခြင်းသို့ ရောက်ရမည်။ ဖြောင့်မတ်သောသူကို မုန်းသော သူတို့သည် အပြစ်စီရင်ခြင်းကို ခံရကြမည်။" (ဆာလံကျမ်း ၃၄း၂၁) ဟူသောအမှန်တရားကို ဤစာအုပ်ငယ်ကလေးတွင် ရှင်းလင်းစွာ ထောက်ပြထားပေးပါသည်။ အပြစ်သားအား ဖျက်ဆီးမည့်အရာကား ထိုအပြစ်သား၏နှလုံးသားထဲတွင်ရှိသည့် မကောင်းမှုပေတည်း။ ဤမီးကား ဘုရားသခင့်မျက်မှောက်တွင်ရှိစဉ် အပြစ်သား၏နှလုံးသားထဲကထုတ်လုပ်လိုက်သည့်အပြစ်အားဖြင့် ဖြစ်တည်လာသည့် မီးပေတည်း။ အနှစ်ချုပ်အနေဖြင့်၊ ရိုးရှင်းသောအမှန်တရားတချို့တို့နှင့် ကျွန်ုပ်တို့ကို သတိပေးထားပါသည်။

၁။ ဖြောင့်မတ်ခြင်းသို့ သွားသောလမ်းသည် ကျဉ်းမြောင်း၍ လောကီသားအများစုတို့သည် ဘုရားသခင်၏ မေတ္တာနှင့်ပြည့်ဝသောကျေးဇူးတော်ကို ငြင်းပယ်ကြလိမ့်မည်ဖြစ်သည်။ ထာဝရအသက်လမ်းသည် ကျမ်းမြောင်းဖြောင့်တမ်းသဖြင့် တွေ့ဝင်သောသူတို့သည် နည်းကြသည် ဟု ယေရှုမိန့်ခဲ့လေသည်။ မဿဲ ၇း၁၄

၂။ မတရားသောသူတို့သည် သေခြင်းသို့ဝင်စားလျက် ထာဝရပျောက်ကွယ်သွားရကြမည်ဖြစ်သည်။ မိမိတို့၏ပုန်ကန်သောသဘောအားဖြင့် သူတို့သည် ပြင်းစွာနှင်းခြေခံရကြမည်။

၃။ လူသားတို့၏ အပြစ်သဘောကို ထင်ဟပြနိုင်စွမ်းရှိသည့် သဘာဝတရား၏နည်းဥပဒေသအားဖြင့် မတရားသောသူတို့သည် ကျွမ်းလောင်ခံရကြလိမ့်မည်ဖြစ်သည်။ ထိုတချိန်တည်းမှာပင် မိမိတို့၏ ရက်ဖွယ်ကောင်းသောအသက်တာ၏ ဝန်ထုပ်ကြီးအောက်တွင် ဝန်လေး၍ အထီးကျန်ခံစားနေရကြလိမ့်မည်ဖြစ်သည်။

၄။ ဘုရားသခင်တွင်၊ အစမ္မပြုမှုခြင်းများ (သို့မဟုတ်) မတရားသောသူတို့၏ အသက်ကို ဆုံးစေခြင်းလိုသည့် စိတ်ဆန္ဒများ အလျင်းမရှိပါ။ မတရားသောသူတို့သည် မိမိလုပ်ဆောင်သောအရာတွင် ပြန်ကျော့မိလျက် မိမိတူးသောတွင်းထဲသို့ ကျကြရလိမ့်မည်ဖြစ်သည်။ (ဆာလံကျမ်း ၇း၁၅၊ ၉း၁၆)

# လောင်သောမီး

## *အသက်တာ၏မွေးရန့်လော (သို့) မီးနှင့်တူသောညှဉ်းပန်းခြင်းလော*



အပြစ်ကို အဆုံးသတ်ရမည့် တစ်ခုတည်းသောနည်းလမ်းကား ဘုရားသခင့်နှလုံးသားတော်ထဲက လာသောမီးဖြင့် မတရားသောသူများအား လောင်ကျွမ်းစေခြင်းဖြင့် ထိုသူတို့အား အဆုံးသတ်ပစ်လိုက်သည့်နည်းပင်ဖြစ်သည်ဟု ဘုရားသခင်ကို ယုံကြည်သောသူအတော်များများက မှတ်ယူထားကြလေသည်။ မတရားသောသူတို့သည် မိမိကိုယ်ကို ပျက်စီးစေကြမည် မဟုတ်ပဲ၊ ဘုရားသခင်သည် တရားမျှတသော ဘုရားတစ်ဆူ ဖြစ်လျှင် လွန်ကျူးသောသူများကို သူသည် ပြစ်ဒဏ်ပေးတော် မူမည်ဖြစ်ပြီး သူတို့၏ဆိုးသွမ်းမှုများနှင့်အညီ သူတို့အား မီးထဲတွင် အရှင်လတ်လတ်မီးရှို့ဖျက်ဆီးတော်မူမည်ဖြစ်သည်ဟု လူများ မကြာခဏ တွေးမိကြသည်။ မေတ္တာရှင်ဘုရားတစ်ဆူက မိမိသားသမီးများအား ထိုသို့ပြုပါ လိမ့်မည်လော။

ပြောမရဆိုမရသော သင့်သားသမီးများကို သင့်အနေဖြင့် မီးထဲသို့ အရှင်လတ်လတ်ချပစ်ပြီး ဝေဒနာပြင်းစွာဖြင့် ဟစ်အော်နေကြရမည့် သူတို့အဖြစ်ကို သင်ထိုင်ကြည့်နိုင်ပါမည်လော။ ကင်ဆာကို ဖယ်ရှားနိုင်မည့် တစ်ခုတည်းသောနည်းကား ထိုကင်ဆာကြိတ်ကို ခွဲထုတ်ပစ်ခြင်းပင်ဖြစ်သည်ဟု လူအချို့ပြောဆိုတတ်ကြသည်။ ဤနှိုင်းယှဉ်ချက်တွင် တွေ့ရသည့်ကွာဟချက်ကား၊ ကင်ဆာကြိတ်ကို သင်ခွဲထုတ်သောအခါ အသက်ကို ဖျက်ဆီးဖို့မဟုတ်ပဲ အသက်ကို ကယ်တင်ဖို့အတွက် သင်ခွဲထုတ်နေခြင်းဖြစ်သည်။ လူတချို့ကလည်း၊ မတရားသောသူတို့သည် အိပ်ဆေးထိုးပေးဖို့လိုသည့် ခွေးရူးတစ်ကောင်နှင့် တူသည်ဟု ပြောဆိုကြပြန်သည်။ သင့်ခွေးရူးကို အိပ်ဆေးထိုးပေးပြီးသည်နောက် ထိုခွေးအား တမြွေမြွေနှင့်ရက်များစွာ သင်မီးထိုင်ရှို့ရင်း ၎င်းမှ နာကျင်စွာအော်သံပေး အူသံပေးနေရသည့်အဖြစ်ကို သင်ထိုင်ကြည့်နိုင်ပါသလား။ ထို့နည်းတူ၊ ဖြောင့်မတ်သောသူများက မတရားသောသူများကို "နည်းနည်းထပ်ခံစားနေလိုက်ကြအုံး၊ မင်းတို့လုပ်ခဲ့တဲ့ မတရားမှုအတွက် မင်းတို့အဲလိုခံထိုက်တယ်" ဟု အော်ပြောနေကြစဉ် ဘုရားသခင်က ထိုမတရားသောသူများကို တမြွေမြွေနှင့် မီးထိုင်ရှို့ပေးနေမည်လော။ နောက်ဆုံးနေ့တွင် အမှန်ပင် ဤသို့ဖြစ်လိမ့်မည်လော။